၃။ ကမ္မဋ္ဌာနာနုဂ္ဂဟနိဒ္ဒေသ = ကမ္မဋ္ဌာန်းယူပုံ အကျယ်ပြချက်

နိဒါန်း

ယခုအခါ စုတင်ဆောင်ခြင်းဖြင့် အလိုနည်းခြင်းစသော ဂုဏ်တို့ဖြင့် ထက်ဝန်းကျင် ဖြူစင်သော သီလ၌တည်သော ဤရဟန်းသည် "ပညာရှိသောလူသည် သီလ၌တည်၍ စိတ်ကိုငှင်း, ပညာကိုငှင်း ပွားစေအပ်သော်"ဟု ဟောထားသောကြောင့် စိတ်ကိုခေါင်းတပ်၍ ညွှန်ပြထားသော သမာဓိကို ပွားစေအပ်၏။

ထိုသမာဓိကိုလည်း "စိတ်ကိုပွားစေအပ်သော်"ဟု အလွန်ကျဉ်းစွာ ဟောထားသောကြောင့် သိနားလည်ရန်ပင် မလွယ်ကူဘဲ ရှိချေ၏။ ပွားရန် မလွယ်ကူသည်မှာ ဆိုဖွယ်ရာပင် မရှိတော့ပြီ။ ထို့ကြောင့် သမာဓိ၏ အကျယ်ဖွင့်ပုံကိုငှင်း၊ ပွားစေပုံ ဘာဝနာနည်းကိုငှင်း ပြရန်အတွက် အောက်ပါ မေးခွန်းအပေါင်းကို ထုတ်ပြအပ်၏။

သမာဓိ၏ သရုပ်စသည်ကို ပြဆိုချက်-

(က) သမာဓိဟူသည် အဘယ်နည်း။
(ခ) အဘယ်အနက်သဘောကြောင့် သမာဓိမည်သနည်း။
(ဂ) ထိုသမာဓိ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်ပါနည်း။
(ဃ) သမာဓိသည် အဘယ်မျှ အပြားရှိသနည်း။
(င) သမာဓိ၏ ညစ်ညူးကြောင်းကား အဘယ်နည်း။
(စ) သမာဓိ၏ ဖြူစင်ကြောင်းကား အဘယ်နည်း။
(ဆ) သမာဓိကို အဘယ်သို့ ပွားစေအပ်သနည်း။
(ဇ) သမာဓိကို ပွားစေခြင်း (သမာဓိဘာဝနာ)၏ အကျိုးကား အဘယ်ပါနည်း။

(က) သမာဓိဟူသည် အဘယ်နည်း...

သမာဓိသည် ကုသိုလ်သမာဓိ စသောအားဖြင့် များစွာ ရှိ၏။ အာရုံကွဲပြားခြင်း စသည်အားဖြင့် အသေးစိတ် အကွဲအပြား ရှိ၏။ ထိုအကွဲအပြား အလုံးစုံကို ပြရန်အားထုတ်လျှင် ထိုသို့သော ဖြေရှင်းချက်သည် လိုအပ်သောအကျိုးလည်း မပြီး၊ မဆိုင်ရာ ရောက်သွားဖို့ရန်လည်း ဖြစ်လေရာ၏။ ထို့ကြောင့် ဤနေရာ၌ အလိုရှိအပ်သော သမာဓိကိုသာလျှင် ပြကုန်အံ့။

ကုသိုလ်ဖြစ်သော စိတ္တေကဂ္ဂတာ (စိတ်၏ တစ်အာရုံတည်းရှိခြင်း-တည်ကြည်ခြင်းသည်)သည် သမာဓိပေတည်း။

(ခ) အဘယ်အနက်သဘောကြောင့် သမာဓိ မည်သနည်း...

ကောင်းစွာထားခြင်း (သမာဓာန)ဟူသော အနက်သဘောကြောင့် သမာဓိမည်၏။ ဤ ကောင်းစွာထားခြင်း(သမာဓာန)ဟူသည် အဘယ်နည်း။ တစ်ခုတည်းသောအာရုံ၌ စိတ်နှင့် စေတသိက် တို့ကို ဖရိုဖရဲ မပြန့်ကြဲအောင် အညီအညွတ်ထားခြင်းသည်ငှင်း၊ မပျံ့လွင့် မပြေးသွားအောင် ကောင်းစွာ ထားခြင်းသည်ငှင်း သမာဓာနမည်၏။ "ထားခြင်း"ဟူသည်မှာလည်း တည်တံ့စေခြင်းပင်ဟု ဆိုလိုသည်။

ထို့ကြောင့် စိတ်နှင့်စေတသိက်တို့သည် သမာဓိတရား၏ အစွမ်းဖြင့် ဖရိုဖရဲ မပြန့်ကြဲမူ၍ တစ်ခု တည်းသော အာရုံ၌ အညီအညွတ်လည်း တည်တံ့ကုန်၏။ မပျံ့လွင့် မပြေးသွားကုန်မူ၍ ငြိမ်သက် စွာလည်း တည်တံ့ကုန်၏။ ဤသမာဓိတရားကိုပင် "သမာဓာန"ဟူ၍ သိအပ်၏။

(ဂ) သမာဓိ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်ပါနည်း။

သမာဓိသည် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ မတုန်မလှုပ်သော သဘောဟု ဆင်ခြင်သူ၏ဉာဏ်၌ ရှေးရှုထင်၏။ "ကိုယ်စိတ်ချမ်းသာခြင်း ရှိသောသူ၏ စိတ်သည် တည်ကြည်၏"ဟု ဟောတော်မူသောကြောင့် ချမ်းသာခြင်း သုခသည် ထိုသမာဓိ၏ နီးသောအကြောင်း ပဒဋ္ဌာန်ဖြစ်၏။

သမာဓိအပြားကို ပြဆိုချက်

(ဃ) သမာဓိသည် အဘယ်မျှ အပြားရှိသနည်း...

သမာဓိ ၁-ပါး

သမာဓိသည် မပျံ့လွင့်ခြင်း လက္ခဏာအားဖြင့် အကွဲအပြားမရှိ တစ်ပါးတည်းသာ ရှိ၏။

၂-ပါးတွဲ သမာဓိ

(က) ဥပစာရသမာဓိ, အပ္ပနာသမာဓိ။

(ခ) လောကီသမာဓိ, လောကုတ္တရာသမာဓိ။

(ဂ) သပ္ပီတိက သမာဓိ, နိပ္ပီတိက သမာဓိ။

(ဃ) သုခသဟဂုတ် သမာဓိ, ဥပေက္ခာသဟဂုတ် သမာဓိ အားဖြင့် ၂-ပါးစီ အပြားရှိ၏။

၃-ပါးတွဲ သမာဓိ

(က) ဟီနသမာဓိ, မဇ္ဈိမ သမာဓိ, ပဏီတသမာဓိ။

(ခ) သဝိတက္က-သဝိစာရ သမာဓိ, အဝိတက္က-ဝိစာရမတ္တ သမာဓိ, အဝိတက္ကာဝိစာရ သမာဓိ။

(ဂ) ပီတိသဟဂတ သမာဓိ, သုခသဟဂတ သမာဓိ, ဥပေက္ခာသဟဂတ သမာဓိ။

(ဃ) ပရိတ္တ-သမာဓိ, မဟဂ္ဂတ-သမာဓိ, အပ္ပမာဏ သမာဓိ။

၄-ပါးတွဲ သမာဓိ

(က) ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ၊ ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ၊ သုခါပဋိပဒါ ဒန္ဓာဘိညာ၊ သုခါပဋိပဒါ ခိပ္ပါဘိညာ။

(ခ) ပရိတ္တ-ပရိတ္တာရမ္မဏ သမာဓိ၊ ပရိတ္တ-အပ္ပမာဏာရမ္မဏ သမာဓိ၊ အပ္ပမာဏ-ပရိတ္တာရမ္မဏ သမာဓိ၊ အပ္ပမာဏ-အပ္ပမာဏာရမ္မဏ သမာဓိ။

(ဂ) လေးပါးသော ဈာန်အင်္ဂါတို့၏ အစွမ်းအားဖြင့် ၄-ပါး၊

(ဃ) ဟာနဘာဂိယ သမာဓိ၊ ဌိတိဘာဂိယ သမာဓိ၊ ဝိသေသဘာဂိယ သမာဓိ၊ နိဗ္ဗေဓဘာဂိယ သမာဓိ။

(င) ကာမာဝစရ သမာဓိ၊ ရူပါဝစရ သမာဓိ၊ အရူပါဝစရ သမာဓိ၊ အပရိယာပန္န သမာဓိ။

(စ) အဓိပတိ၏ အစွမ်းအားဖြင့် ဆန္ဒသမာဓိ၊ စိတ္တသမာဓိ၊ ဝီရိယသမာဓိ၊ ဝီမံသသမာဓိ။

၅-ပါးတွဲ သမာဓိ၌= ငါးပါးသောဈာန်အင်္ဂါတို့၏ အစွမ်းအားဖြင့် ငါးပါး အပြားရှိ၏။

သမာဓိ ၁-ပါး၊ ဖွင့်ဆိုချက်

တစ်ပါးတည်း အဖို့ရှိသော သမာဓိမှာ သိသာထင်ရှားသော အနက်ရှိသည်သာတည်း။

၂-ပါးတွဲ သမာဓိ

ပထမ ၂-ပါးတွဲ

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ။ ။နှစ်ပါးအပြားရှိသော အဖို့၌ (ဗုဒ္ဓါနုဿတိ၊ ဓမ္မ၊ သံဃ၊ သီလ၊ စာဂ၊ ဒေဝတာနုဿတိ ဟူသော) အနုဿတိ ကမ္မဋ္ဌာန်း ၆-ပါး၊ မရဏဿတိ ကမ္မဋ္ဌာန်း၊ ဥပသမာနုဿတိ ကမ္မဋ္ဌာန်း၊ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်း၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ဟူသော ဤကမ္မဋ္ဌာန်း ၁၀-ပါးတို့၏ အစွမ်း အားဖြင့် ရအပ်သော သမာဓိသည်၎င်း၊ အပ္ပနာဈာန်သမာဓိ၏ ရှေးအဖို့၌ ရအပ်သော သမာဓိသည်၎င်း၊ ဈာန်၏အနီး၌ဖြစ်သော ဥပစာရသမာဓိ မည်၏။ "ပထမဈာန်၏ ပရိကံသည် ပထမဈာန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် ဂေါတြဘူဟူသော ပရိကံ သမာဓိ၏ အခြားမဲ့ဖြစ်သော သမာဓိသည် အပ္ပနာသမာဓိမည်၏။ ဤသို့လျှင် ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိဟူ၍ ၂-ပါး အပြားရှိ၏။

ဒုတိယ ၂-ပါးတွဲ

လောကီသမာဓိ၊ လောကုတ္တရာသမာဓိ။ ။ကာမ,ရူပ,အရူပ ဟူသော ဘုံသုံးပါးတို့၌ ကုသိုလ် စိတ္တေကဂ္ဂတာသည် လောကီသမာဓိ မည်၏။ အရိယာမဂ်နှင့်ယှဉ်သော ဧကဂ္ဂတာသည် လောကုတ္တရာ သမာဓိမည်၏။ ဤသို့လျှင် လောကီ သမာဓိ၊ လောကုတ္တရာ သမာဓိအားဖြင့် ၂-ပါး အပြားရှိ၏။

တတိယ ၂-ပါးတွဲ

သပ္ပီတိကသမာဓိ၊ နိပ္ပီတိကသမာဓိ။ ။စတုက္ကနည်းအရ ဈာန် ၂-ပါး၊ ပဉ္စကနည်းအရ ဈာန် ၃-ပါးတို့၌ ဧကဂ္ဂတာသည် သပ္ပီတိက (ပီတိရှိသော) သမာဓိမည်၏။ ကြွင်းသော ဈာန် ၂-ပါးတို့၌ ဧကဂ္ဂတာသည် နိပ္ပီတိက (ပီတိမရှိသော) သမာဓိမည်၏။ ဤသို့လျှင် သပ္ပီတိကသမာဓိ၊ နိပ္ပီတိက-သမာဓိအားဖြင့် ၂-ပါး အပြားရှိ၏။

စတုတ္ထ ၂-ပါးတွဲ

သုခသဟဂုတ် သမာဓိ၊ ဥပေက္ခာသဟဂုတ် သမာဓိ။ ။စတုက္ကနည်းအရ ဈာန် ၃-ပါး၊ ပဉ္စက-နည်းအရ ဈာန် ၄-ပါးတို့၌ရှိသော ဧကဂ္ဂတာသည် သုခသဟဂုတ် (သုခနှင့်တကွဖြစ်သော) သမာဓိ မည်၏။ ကြွင်းသောဈာန်၌ ဧကဂ္ဂတာသည် ဥပေက္ခာ သဟဂုတ် (ဥပေက္ခာနှင့်တကွဖြစ်သော) သမာဓိ မည်၏။ ဥပစာရသမာဓိသည်ကား အချို့ သုခ-သဟဂုတ် သမာဓိမည်၏။ အချို့ ဥပေက္ခာ သဟဂုတ် သမာဓိမည်၏။ ဤသို့လျှင် သုခသဟဂုတ် သမာဓိ၊ ဥပေက္ခာ သဟဂုတ် သမာဓိ အားဖြင့် ၂-ပါး အပြားရှိ၏။

၃-ပါးတွဲ သမာဓိကို ဖွင့်ပြခြင်း

ပထမ ၃-ပါးတွဲ

ဟီန၊ မဇ္ဈိမ၊ ပဏီတ။ ။ရကာမျှဖြစ်သော သမာဓိသည် ယုတ်ညံ့သော ဟီနသမာဓိ မည်၏။ လွန်စွာ မပွားစေအပ်သော သမာဓိသည် အလယ်အလတ် မဇ္ဈိမ သမာဓိမည်၏။ ကောင်းစွာပွားထားသဖြင့် နိုင်နင်းခြင်းသို့ရောက်သော သမာဓိသည် မြတ်သော ပဏီတသမာဓိ မည်၏။

ဒုတိယ ၃-ပါးတွဲ

ဥပစာရသမာဓိနှင့် တကွ ပထမဈာန်သမာဓိသည် ဝိတက်ဝိစာရရှိသော သဝိတက္ကသမာဓိ မည်၏။ ပဉ္စကနည်းအရ ဒုတိယဈာန်သမာဓိသည် ဝိတက်ကင်း၍ ဝိစာရမျှသာ ရှိသော အဝိတက္က-ဝိစာရမတ္တ သမာဓိမည်၏။ မှန်ပေ၏။ အကြင်ပုဂ္ဂိုလ်သည် ဝိတက်မျှ၌သာ အပြစ်ကိုမြင်ပြီးလျှင် ဝိစာရ၌

အပြစ်ကို မမြင်ပါမူ ဝိတက်သက်သက်ကို ပယ်ရုံမျှသာ အားထုတ်၍ ပထမစျာန်ကို လွန်မြောက်၏။ ထိုပုဂ္ဂိုလ်သည် ဝိတက်ကင်း၍ ဝိစာရမျှသာရှိသော သမာဓိကိုရ၏။ ထိုသို့သော သမာဓိကိုရည်၍ ဤ(အဝိတက္က-ဝိစာရမတ္တ သမာဓိဟူသော) စကားကို ဆိုပေသည်။

စတုက္ကနည်းအရ ဒုတိယအစရှိသော စျာန် ၃-ပါးတို့၌၄င်း၊ ပဉ္စကနည်းအရ တတိယစျာန် အစရှိသော စျာန် ၃-ပါးတို့၌၄င်း ကေဂ္ဂတာသည် ဝိတက်ဝိစာရ ကင်းသော အဝိတက္ကအဝိစာရ သမာဓိမည်၏။ ဤသို့လျှင် ၃-ပါး အပြားရှိ၏။

တတိယ ၃-ပါးတွဲ

စတုက္ကနည်းအရ အစမှ စျာန် ၂-ပါးတို့၌၄င်း၊ ပဉ္စကနည်းအရ အစမှ စျာန် ၃-ပါးတို့၌၄င်း ကေဂ္ဂတာသည် ပီတိနှင့်တကွဖြစ်သော ပီတသဟဂုတ် သမာဓိမည်၏။ ထိုစတုက္ကနည်း, ပဉ္စကနည်း တို့၌ပင်လျှင် စတုက္ကနည်းအရ တတိယစျာန်၌၄င်း၊ ပဉ္စကနည်းအရ စတုတ္ထစျာန်၌၄င်း ကေဂ္ဂတာသည် သုခနှင့်တကွဖြစ်သော သုခသဟဂုတ် သမာဓိမည်၏။ အဆုံးစျာန်၌ ကေဂ္ဂတာသည် ဥပေက္ခာနှင့် တကွဖြစ်သော ဥပေက္ခာသဟဂုတ် သမာဓိမည်၏။ ဥပစာရ သမာဓိသည်ကား ပီတိသဟဂုတ် သုခ သဟဂုတ်သော်လည်း ဖြစ်၏။ ဥပေက္ခာသဟဂုတ် သော်လည်း ဖြစ်၏။ ဤသို့အားဖြင့် ၃-ပါးအပြားရှိ၏။

စတုတ္ထ ၃-ပါးတွဲ

ပရိတ္တ၊ မဟဂ္ဂတ၊ အပ္ပမာဏ သမာဓိ။ ။ဥပစာရ အဆင့်၌ သမာဓိသည် ကေဂ္ဂတာသည် တန်ခိုး အာနဘော် သေးငယ်သော တည်ကြည်မှု ပရိတ္တ သမာဓိမည်၏။ ရူပကုသိုလ် အရူပကုသိုလ်တို့၌ ကေဂ္ဂတာသည် မြတ်သည်၏ အဖြစ်သို့ရောက်သော (ဝါ) ကြီးကျယ်သော တည်ကြည်မှု မဟဂ္ဂတ သမာဓိမည်၏။ အရိယာမဂ်နှင့် ယှဉ်သော သမာဓိသည် အတိုင်းအရှည်မရှိသော တည်ကြည်မှု အပ္ပမာဏ သမာဓိမည်၏။ ဤသို့လျှင် ၃-ပါးအပြားရှိ၏။

၄-ပါးတွဲ သမာဓိ

ပထမ ၄-ပါးတွဲ

ဆင်းရဲသောကျင့်ရှိလျက် နှေးသောအသိဉာဏ်ထူးရှိသော ဒုက္ခာပဋိပဒါ-ဒန္ဓာဘိညာ သမာဓိ သည်ရှိ၏။ ဆင်းရဲသောအကျင့်ရှိလျက် မြန်သောအသိဉာဏ်ထူးရှိသော ဒုက္ခာပဋိပဒါ-ခိပ္ပါဘိညာ သမာဓိသည် ရှိ၏။ ချမ်းသာ သောအကျင့်ရှိလျက် နှေးသောအသိဉာဏ်ထူးရှိသော သုခါပဋိပဒါ-ဒန္ဓာဘိညာ သမာဓိသည် ရှိ၏။ ချမ်းသာသော အကျင့်ရှိလျက် မြန်သော အသိဉာဏ်ထူးရှိသော သုခါပဋိပဒါ-ခိပ္ပါဘိညာ သမာဓိသည် ရှိ၏။

ပဋိပဒါနှင့် အဘိညာ။ သုခနှင့် ဒုက္ခ

ထိုတွင် ရှေးဦးစွာ နလုံးသွင်းသည်မှ စ၍ ဥပစာရသမာဓိ ဖြစ်ပေါ်သည့်တိုင်အောင် ဖြစ်ခဲ့သော သမာဓိဘာဝနာကို "**ရောက်ကြောင်းအကျင့် ပဋိပဒါ**"ဟု ခေါ်၏။ ဥပစာရသမာဓိမှ စ၍ အပ္ပနာစျာန် တိုင်အောင်ဖြစ်သော ပညာကို "**အဘိညာ**"ဟု ခေါ်၏။

ထိုပဋိပဒါသည် တချို့သော ပုဂ္ဂိုလ်အား ဆင်းရဲ၏။ နီဝရဏ အစရှိသော ဆန့်ကျင်ဘက်တရား တို့၏ ဖြစ်ပေါ်ခြင်း၊ ရှုပ်ထွေးထူထပ်သည်၏အဖြစ်ကြောင့် ခဲယဉ်း၏။ ၄င်းကို မှီဝဲရသည်မှာ မချမ်းသာ (မလွယ်ကူ)။ ဤသည်ကား "ဒုက္ခ-ဆင်းရဲ၏"ဟူသော ပုဒ်၏ ဆိုလိုသော အနက်အဓိပ္ပါယ်ဖြစ်သည်။

အချို့သော ပုဂ္ဂိုလ်အား ထိုသို့သော ရှုပ်ထွေးမှုမရှိသောကြောင့် ချမ်းသာ(လွယ်ကူ)၏။ အဘိညာသည်လည်း အချို့သော ပုဂ္ဂိုလ်အား နှေး၏။ လျင်မြန်စွာ ဖြစ်ခြင်းမရှိ။ အချို့သော ပုဂ္ဂိုလ်အား လျင်မြန်၏။

ထိုပဋိပဒါတို့တွင် နောက်၌ပြဆိုမည့် လျောက်ပတ်-မလျောက်ပတ်သောအရာများ၊ ပလိဗောဓ ကိုဖြတ်ခြင်း အစရှိသော ပုဗ္ဗကိစ္စများ၊ အပ္ပနာ၌ ကျွမ်းကျင်လိမ္မာမှုဟူသော အပ္ပနာကောသလ္လ များတို့ တွင် မလျောက်ပတ်သည်ကို မှီဝဲသောသူအား ဆင်းရဲသောအကျင့် "ဒုက္ခပဋိပဒါ" သည်၄င်း၊ နှေးသော အသိဉာဏ်ထူး "ဒန္ဓာဘိညာ"သည်၄င်း ဖြစ်၏။ လျောက်ပတ်သည်ကို မှီဝဲသောသူအား ချမ်းသာသော အကျင့် "သုခပဋိပဒါ"သည်၄င်း၊ လျင်မြန်သောဉာဏ်ထူး "ခိပ္ပါဘိည"သည်၄င်း ဖြစ်၏။

ဥပစာရရချာန် မရမီ ရှေးအဖို့၌ မလျောက်ပတ်သည်ကို မှီဝဲ၍, ဥပစာရရချာန်ရသည်မှ နောက်အဖို့ ၌ လျောက်ပတ်သည်ကို မှီဝဲသောသူအား၄င်း၊ ရှေ့အဖို့၌ လျောက်ပတ်သည်ကို မှီဝဲ၍ နောက်အဖို့၌ မလျောက်ပတ်သည်ကို မှီဝဲသောသူအား၄င်း ပဋိပဒါ-အဘိညာ တို့၏ ရောနှောသည်၏ အဖြစ်ကို သိအပ်၏။

ထိုမှတပါး ပလိဗောဓကိုဖြတ်ခြင်း အစရှိသော ပုဗ္ဗကိစ္စကို မပြုမူ၍ ဘာဝနာကို အားထုတ်သော သူအား ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်)ဖြစ်၏။ အပ္ပနာကောသလ္လနှင့် မပြည့်စုံသောသူအား ဒန္ဓာဘိညာ(နှေးသော အသိဉာဏ်ထူး)ဖြစ်၏။ ၄င်းတို့နှင့် ပြည့်စုံသောသူအား ခိပ္ပါဘိညာ (လျင်မြန် သော အသိဉာဏ်ထူး) ဖြစ်၏။

ပဋိပဒါ-အဘိညာတို့ ဖြစ်ပုံတနည်း

တနည်းအားဖြင့်မူကား တဏှာနှင့် အဝိဇ္ဇာတို့၏ အစွမ်းအားဖြင့်၄င်း၊ သမထနှင့် ဝိပဿနာတို့၌ အဓိကာရ (လွန်စွာအားထုတ်ဖူးခြင်း)၏ အစွမ်းအားဖြင့်၄င်း ဤပဋိပဒါ-အဘိညာတို့၏ အထူးအပြားကို သိအပ်၏။

ချဲ့ပြရလျှင် တဏှာလွှမ်းမိုးသောသူအား ဒုက္ခပဋိပဒါ ဖြစ်၏။ မလွှမ်းမိုးသောသူအား သုခပဋိပဒါ ဖြစ်၏။ အဝိဇ္ဇာလွှမ်းမိုးသောသူအား ဒန္ဓာဘိညာ ဖြစ်၍ မလွှမ်းမိုးသောသူအား ခိပ္ပါဘိညာ ဖြစ်၏။ ထိုမှ တပါး သမထ၌ လွန်စွာအားထုတ်ခြင်းကို မပြုဖူးသောသူအား ဒုက္ခပဋိပဒါဖြစ်၍၊ ပြုဖူးသောသူအား သုခပဋိပဒါဖြစ်၏။ ဝိပဿနာ၌ လွန်စွာ အားထုတ်ခြင်းကို မပြုဖူးသောသူအား ဒန္ဓာဘိညာ ဖြစ်ပြီး၊ ပြုဖူးသောသူအား ခိပ္ပါဘိညာဖြစ်၏။

ကိလေသာနှင့် ဣန္ဒြေတို့ကြောင့် ဖြစ်ပုံထပ်ကွဲ

ထို့ပြင် ကာမစ္ဆန္ဒစသော ကိလေသာနှင့် သဒ္ဓါစသော ဣန္ဒြေတို့၏ အစွမ်းအားဖြင့်လည်း ဤ ပဋိပဒါ, အဘိညာတို့၏ အထူးအပြားကို သိအပ်၏။ ချဲ့ပြရလျှင် ကိလေသာအားကြီး၍ ဣန္ဒြေနုသော သူအား ဒုက္ခပဋိပဒါသည်၄င်း၊ ဒန္ဓာဘိညာသည်၄င်း ဖြစ်၏။ ဣန္ဒြေထက်သောသူကား ခိပ္ပါဘိညာ ဖြစ်၏။ ကိလေသာနည်း၍ ဣန္ဒြေနုသောသူအား သုခပဋိပဒါသည်၄င်း၊ ဒန္ဓာဘိညာသည်၄င်း ဖြစ်၏။ ဣန္ဒြေထက်သောသူအား ခိပ္ပါဘိညာ ဖြစ်၏။

ဤဆိုခဲ့ပြီးသော ပဋိပဒါ အဘိညာတို့တွင် ဒုက္ခပဋိပဒါ(ဆင်းရဲသောအကျင့်)ဖြင့်၄င်း၊ ဒန္ဓာဘိညာ(နှေးသောအသိဉာဏ်ထူး)ဖြင့်၄င်း အပ္ပနာသမာဓိသို့ ရောက်၏။ ထိုပုဂ္ဂိုလ်၏ သမာဓိကို ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သမာဓိဟု ခေါ်သည်။ ကြွင်းသော သမာဓိ ၃-ပါး၌လည်း ဤနည်းပင်တည်း။ ဤသို့လျှင် ဒုက္ခပဋိပဒါ-ဒန္ဓာဘိညာ သမာဓိ စသည်အားဖြင့် ၄-ပါးအပြားရှိ၏။

ဒုတိယ ၄-ပါးတွဲ သမာဓိ

သေးငယ်၍ သေးငယ်သောအာရုံရှိသော (ပရိတ္တ ပရိတ္တာရမ္မဏ)သမာဓိသည် ရှိ၏။ သေးငယ်၍ ကြီးကျယ်သောအာရုံရှိသော (ပရိတ္တ အပ္ပမာဏာရမ္မ)သမာဓိသည် ရှိ၏။ ကြီးကျယ်၍ သေးငယ်သောအာရုံရှိသော (အပ္ပမာဏ ပရိတ္တာရမ္မဏ) သမာဓိသည် ရှိ၏။ ကြီးကျယ်၍ ကြီးကျယ်သော အာရုံရှိသော (အပ္ပမာဏ အပ္ပမာဏာရမ္မဏ) သမာဓိသည် ရှိ၏။ ဤသို့ ၄-ပါး အပြားရှိ၏။

ထို ၄-ပါးတို့တွင် မကျေပြွန်သေးသည်ဖြစ်၍ အထက်ဈာန်၏ အကြောင်း မဖြစ်နိုင်သေးသော သမာဓိသည် သေးငယ်သော(ပရိတ္တ)သမာဓိ မည်၏။ မပွါးစေအပ်သေးသော အာရုံ၌ဖြစ်သော သမာဓိသည် သေးငယ်သော အာရုံရှိသော (ပရိတ္တာရမ္မဏ)သမာဓိ မည်၏။ ကောင်းစွာပွားများအပ်ပြီး ဖြစ်သောကြောင့် ကျေပြွန်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်သော သမာဓိသည် ကြီးကျယ်သော(အပ္ပမာဏ) သမာဓိမည်၏။ ပွားစေအပ်ပြီးသော အာရုံ၌ဖြစ်သော သမာဓိသည်ကား ကြီးကျယ်သော အာရုံရှိသော (အပ္ပမာဏာရမ္မဏ) သမာဓိမည်၏။

ဆိုခဲ့ပြီးသော လက္ခဏာတို့ ရောနှောသောအားဖြင့် (ပရိတ္တ အပ္ပမာဏာရမ္မဏ သမာဓိ, အပ္ပမာဏ ပရိတ္တာရမ္မဏ သမာဓိ ဟု) ရောနှောသောနည်းကို သိအပ်၏။ ဤသို့လျှင် ၄-ပါးအပြားရှိ၏။

တတိယ ၄-ပါးတွဲ သမာဓိ

(၁) နီဝရဏကို ပယ်ခွါပြီးသော ဝိတက်,ဝိစာရ,ပီတိ,သုခ,သမာဓိတို့၏ အစွမ်းအားဖြင့် အင်္ဂါ ၅-ပါးရှိသော ပဌမဈာန်တစ်ပါး။ (၂)ထိုဈာန်မှအထက် ဝိတက်,ဝိစာရ ငြိမ်းသည်ဖြစ်၍ ပီတိ,သုခ,သမာဓိ အားဖြင့် အင်္ဂါသုံးပါးရှိသော ဒုတိယဈာန်တစ်ပါး။ (၃) ထိုဈာန်မှ အထက်၌ ပီတိကင်းသည်ဖြစ်၍ သုခ,သမာဓိအားဖြင့် ဈာန်အင်္ဂါ နှစ်ပါးရှိသော တတိယဈာန်တစ်ပါး။ (၄) ထိုဈာန်မှ အထက်၌ သုခကို ပယ်ပြီးသည်ဖြစ်၍ ဥပေက္ခာဝေဒနာနှင့်တကွ သမာဓိ၏ အစွမ်းအားဖြင့် အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန် တစ်ပါး။ ဤသို့ ဈာန်လေးပါး ပြားသောကြောင့် ဤဈာန်လေးပါးတို့၏ အင်္ဂါဖြစ်သော သမာဓိတို့သည် လေးပါး ဖြစ်ကုန်၏။ ဤသို့လျှင် လေးပါးသောဈာန်တို့၏ အင်္ဂါအားဖြင့် လေးပါးအပြားရှိ၏။

စတုတ္ထ လေးပါးတွဲ သမာဓိ

ဆုတ်ယုတ်ခြင်းအဖို့ရှိသော ဟာနဘာဂိယ သမာဓိ၊ ရပ်တန့်ခြင်းအဖို့ရှိသော ဌိတိဘာဂိယ သမာဓိ၊ ထူးခြားခြင်းအဖို့ရှိသော ဝိသေသဘာဂိယ သမာဓိ၊ သစ္စာတို့ကို ဖေါက်ထွင်းသိမြင်ခြင်း အဖို့ ရှိသော နိဗ္ဗေဓဘာဂိယ သမာဓိ။

ထိုလေးပါးတို့တွင် ဆန့်ကျင်ဘက်တို့ ဖြစ်ပေါ်သည်၏အစွမ်းအားဖြင့် ဆုတ်ယုတ်ခြင်း အဖို့ရှိသည်၏ အဖြစ်ကို သိအပ်၏။ ထိုရဆဲဈာန်အားလျော်သော သတိ၏ တည်နေခြင်း၏ အစွမ်းအားဖြင့် ရပ်တန့်ခြင်းအဖို့ ရှိသည်၏အဖြစ်ကို သိအပ်၏။ အထက်ဈာန်အထူးကို ရစေနိုင်ခြင်း၏ အစွမ်းအားဖြင့် ထူးခြားခြင်းအဖို့ရှိသည်၏ အဖြစ်ကို သိအပ်၏။ ငြီးငွေ့သော ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် သစ္စာတို့ကို ဖေါက်ထွင်းသိမြင်ခြင်းအဖို့ ရှိသည်၏အဖြစ်ကို သိအပ်၏။ ဤစကားနှင့်အညီ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ-

> "ပထမဈာန် ရသောပုဂ္ဂိုလ်ကို ကာမကိုအာရုံပြုကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့ သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ ထိုပုဂ္ဂိုလ်၏ပညာသည် ဆုတ်ယုတ်ခြင်း အဖို့ရှိ၏။ ထိုပထမ ဈာန်နှင့် လျော်သော သတိရမှုသည် တည်ရှိနေငြားအံ့။ ထိုပုဂ္ဂိုလ်၏ ပညာသည် ရပ်တန့်ခြင်း အဖို့ရှိ၏။ ဝိတက်ကင်းသော ဈာန်နှင့်တကွ ဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့ သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ ထိုပုဂ္ဂိုလ်၏ ပညာသည် ထူးခြားသောအဖို့ရှိ၏။ ငြီးငွေ့သော

ဝိပဿနာဉာဏ်နှင့် တကွဖြစ်ကုန်သော အမုတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ပြားအံ့။ ထိုပုဂ္ဂိုလ်၏ ပညာသည် တပ်မက်ခြင်းကင်းသော မဂ်နှင့် စပ်သည်ဖြစ်၍ သစ္စာတို့ကို ဖေါက်ထွင်းသိမြင်ခြင်း အဖို့ရှိ၏" ဟူ၍ ဟောတော်မူ၏။

ထိုလေးပါးနှင့်ယှဉ်သော သမာဓိသည်လည်း လေးပါးပင်ဖြစ်သဖြင့် လေးပါးအပြားရှိ၏။

[***သတိ၏ တည်နေခြင်း၏ အစွမ်းအားဖြင့်**- ဟူရာ၌ ထိုသတိသည်ကား ထိုရဆဲဈာန်၌ သာယာသောတဏှာဟု ဆိုအပ်သည်မှုလည်း ဖြစ်သော, ထိုတဏှာနှင့်ယှဉ်သော နာမ်ခန္ဓာဟု ဆိုအပ်သည်မှုလည်း ဖြစ်သော မိစ္ဆာသတိပင်ဖြစ်သည်-- ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ မိန့်ဆိုထား၏။

ထိုရဆဲဈာန်၌ ငဲ့ကွက်ခြင်းရှိသော ပုဂ္ဂိုလ်အား အထက်တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် နှစ်သက်တွယ်တာမှု မကင်းမှု၍ ထိုထိုဈာန်ကိုဆောင်သော သတိဟူ၍လည်း ဆိုရန် သင့်သေး၏။

ထို့ကြောင့် "သတိ၏"-ဟု ကေန်ဆိုထားသော အဋ္ဌကထာ စကားအရာ၌ "သတိ၏ သော်၎င်း၊ နိကန္တိ၏ သော်၎င်း"-ဟူ၍ မဟာဋီကာ၌ နှစ်သွယ်နှစ်ခွ ဆိုထားခြင်းသည် သင့်၏။ နိကန္တိကိုသော်၎င်း၊ နိကန္တိနှင့်ယှဉ်သော စိတ်စေတသိက်အပေါင်းကို သော်၎င်း မိစ္ဆာသတိ-ဟု အဋ္ဌကထာဆရာ ဆိုသည်။]

ပဉ္စမ လေးပါးတွဲ သမာဓိ

ကာမာဝစရ သမာဓိ၊ ရူပါဝစရ သမာဓိ၊ အရူပါဝစရ သမာဓိ၊ အပရိယာပန္န(လောက၌ အတွင်း မဝင်သော)သမာဓိ ဟူ၍ လေးပါးအပြားရှိ၏။

ထိုတွင် အလုံးစုံသော ဥပစာရ ဧကဂ္ဂတာသည် ကာမာဝစရ သမာဓိမည်၏။ ထိုအတူ ရူပါဝစရ ကုသိုလ်စိတ် စသည်တို့နှင့်ယှဉ်သော ဧကဂ္ဂတာတို့သည် ဤမှတပါးသော သမာဓိ သုံးပါးမည်ကုန်၏။

ဆဋ္ဌမ လေးပါးတွဲ သမာဓိ

ဆန္ဒကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့၊ စိတ်၏ တစ်အာရုံတည်း၍ တည်ခြင်း ဧကဂ္ဂတာကို ရငြားအံ့။ ဤသမာဓိကို ဆန္ဒသမာဓိဟု ဆိုအပ်၏။ ဝီရိယကို အကြီးအမှူးပြု၍ ရငြားအံ့။ ဤသမာဓိကို ဝီရိယသမာဓိဟု ဆိုအပ်၏။ စိတ်ကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့။ ဤသမာဓိကို စိတ္တ-သမာဓိဟု ဆိုအပ်၏။ ပညာကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့။ ဤသမာဓိကို ဝီမံသသမာဓိ ဟု ဆိုအပ်၏။

ငါးပါးတွဲ သမာဓိ

ဝိတက်, ဝိစာရ, ပီတိ, သုခ, သမာဓိ တို့၏ အစွမ်းအားဖြင့် အင်္ဂါငါးပါးရှိသော ပထမဈာန် တစ်ပါး။ ထိုမှ အထက် ဝိတက်ကို ကျော်လွန် ဝိစာရ, ပီတိ, သုခ, သမာဓိတို့၏ အစွမ်းအားဖြင့် ဈာန်အင်္ဂါလေးပါးရှိသော ဒုတိယဈာန်တစ်ပါး၊ ထိုမှ အထက် ဝိစာရပါကင်း၍ ပီတိ,သုခ,သမာဓိ တို့၏ အစွမ်းအားဖြင့် ဈာန်အင်္ဂါသုံးပါးရှိသော တတိယဈာန်တစ်ပါး၊ ထိုမှအထက် သုခ,သမာဓိဟူသော ဈာန်အင်္ဂါ၂-ပါးရှိသော စတုတ္ထဈာန်တစ်ပါး၊ ဉပေက္ခာဝေဒနာနှင့်တကွ သမာဓိ၏ အစွမ်းအားဖြင့် ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန် တစ်ပါး။ ဤသို့အားဖြင့် သမာဓိငါးပါး အပြားရှိ၏။

(င-စ) သမာဓိ၏ ညစ်ညူးကြောင်းကား အဘယ်ပါနည်း? သမာဓိ၏ ဖြူစင်ကြောင်းကား အဘယ်ပါနည်း?

ဤမေးခွန်း၏ ဝိဘင်းပါဠိတော်၌ ဟောထားပြီးဖြစ်၏။ ထိုဝိဘင်းပါဠိတော်၌ "ညစ်ညူးကြောင်းဟူသည်ကား ဆုတ်ယုတ်ခြင်း အဖို့ရှိသော တရားတည်း။ ဖြူစင်ကြောင်းဟူသည်ကား ထူးခြားခြင်း အဖို့ရှိသော တရားတည်း"ဟု ဟောတော်မူ၏။

ထိုစကားရပ်၌ "ပဌမစျာန် ရသောပုဂ္ဂိုလ်ကို ကာမကို အာရုံပြုကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ဖြစ်ကုန်ငြားအံ့။ ထိုပုဂ္ဂိုလ်၏ ပညာသည် ဆုတ်ယုတ်ခြင်း အဖို့ရှိ၏" ဤသို့ အစရှိသော ဒေသနာနည်းဖြင့် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားကို သိအပ်၏။ "ဝိတက် ကင်းသော စျာန်နှင့်တကွဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ ထိုပုဂ္ဂိုလ်၏ သညာသည် ထူးခြားခြင်းအဖို့ရှိ၏" ဤသို့ အစရှိသော ဒေသနာနည်းဖြင့် ထူးခြားခြင်း အဖို့ရှိသော တရားကို သိအပ်၏။

&&&&&&&&&&&&

ပလိဗောဓ ၁၀-ပါးကို ဖွင့်ပြချက်

(ဆ) သမာဓိကို အဘယ်သို့ ပွားစေအပ်သနည်း?

ဤမေးခွန်း၌ "လောကီသမာဓိ, လောကုတ္တရာသမာဓိ အားဖြင့် ၂-ပါးအပြားရှိ၏" ဤသို့ စသည်ဖြင့် ပြဆိုခဲ့ပြီးသော သမာဓိအပြား၌ အရိယာမဂ်နှင့်ယှဉ်သော သမာဓိကို ပြဆိုခဲ့၏။ ထို အရိယာမဂ် သမာဓိကိုပွားစေရန် ဘာဝနာနည်းသည် ပညာကိုပွားစေသော ဘာဝနာနည်း၌ပင်လျှင် အတွင်းဝင်လျက် ရှိ၏။ အကြောင်းမှာ မဂ်ပညာကိုပွားစေပြီး ဖြစ်လတ်သော ထိုမဂ်သမာဓိကိုလည်း ပွားစေပြီး ဖြစ်လေတော့သည်သာ။ ထို့ကြောင့် ယင်းမဂ်သမာဓိကို ရည်ရွယ်၍ "ဤသို့ ပွားစေရမည်" ဟု တစုံတရာမျှ အသီးအခြား မပြဆိုတော့အံ့။

လောကီသမာဓိကိုမူကား သီလနိဒ္ဒေသ၌ ပြဆိုခဲ့ပြီးသောနည်းဖြင့် သီလကိုသုတ်သင်ပြီးလျှင် ကောင်းစွာစင်ကြယ်သော သီလ၌တည်၍, ပလိဗောဓ ၁၀-မျိုးတို့တွင် တစ်စုံတစ်ခုသော ပလိဗောဓ ရှိပါမူ ထိုပလိဗောဓကို ဖြတ်ပြီးလျှင်, ကမ္မဋ္ဌာန်းပေးသော ကလျာဏမိတ္တ (မိတ်ဆွေကောင်း ဆရာမြတ်) ကို ချဉ်းကပ်၍, ကမ္မဋ္ဌာန်း ၄၀-တို့တွင် မိမိစရိုက်အားလျော်သော တပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍, သမာဓိဘာဝနာနှင့် မလျော်သောကျောင်းကို ပယ်ပြီးလျှင် လျော်သောကျောင်း၌ နေလျက်, ပလိဗောဓ အငယ်ကိုလည်း ဖြတ်၍, ပွားစေပုံ ဘာဝနာအစီအရင် အလုံးစုံကို မယုတ်လျော့စေပဲ ပွားစေအပ်၏။ ဤစကားသည် သမာဓိဘာဝနာကို ပြသောဤအရာ၌ အကျဉ်းချုပ်ပေတည်း။

ပလိဗောဓ ၁၀-ပါး။ ။ကျောင်း, ဒါယကာ, လာဘ်, ဂိုဏ်း, လုပ်စရာ အမှုကိစ္စ(အလုပ်), ခရီး, ဆွေမျိုး, ကျမ်းဂန်, တန်ခိုး... ဟူ၍ ပလိဗောဓ ၁၀-ပါးတို့တည်း။

ဤ ၁၀-ပါးတို့သည် ပလိဗောဓ(အနှောက်အယှက်) မည်ကုန်၏။ ထိုဆယ်မျိုးတို့တွင် ကျောင်းသည်ပင်လျှင် အာဝါသပလိဗောဓ(ကျောင်းအနှောက်အယှက်) မည်၏။ ဒါယကာ စသည်တို့၌လည်း ဤနည်းပင်တည်း။

(၁) အာဝါသ ပလိဗောဓ= ကျောင်းအနှောက်အယှက်

တိုက်ခန်းတစ်ခုကိုဖြစ်စေ၊ ပရိဝုဏ် တစ်ခုကိုဖြစ်စေ၊ အလုံးစုံသော သံဃအရာမ်ကိုဖြစ်စေ ကျောင်း-ဟု ဆိုအပ်၏။ ထိုကျောင်းသည် အလုံးစုံသော ယောဂီတို့အတွက် အနှောက်အယှက် ပလိဗောဓ မဟုတ်ပေ။

ဤကျောင်းတွင် အမှုကိစ္စစသည်တို့၌ ကြောင့်ကြစိုက်သူ၊ သပိတ်သင်္ကန်း စသော များစွာသော သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းထားသောသူ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ တွယ်တာသော စိတ်ရှိသူတို့အားသာလျှင် ပလိဗောဓ ဖြစ်၏။ ဤမှတပါးသောသူအား မဖြစ်ပေ။

မြို့ဘုန်းကြီးနှင့် တောရဘုန်းကြီး ၂-ပါး

အမျိုးကောင်းသား ၂-ယောက်တို့ အနုရာဓမြို့မှ ထွက်လာကြပြီး ထူပါရုံကျောင်း၌ ရဟန်းပြုကြ၏။ ထိုနှစ်ပါးတို့တွင် တစ်ပါးက ဝိနည်းကို နှုတ်တက်ရအောင်ကျက်ပြီး ၅-ဝါပြည့်သောအခါ ပဝါရဏာပြုပြီးလျှင် ပါစိနခဏ္ဍရာဇိ(အရှေ့ဘက် တောတန်းအပြတ်)မည်သော အရပ်သို့ ကြွသွားလေ၏။ ကျန်တစ်ပါးကမူ ထူပါရုံကျောင်း၌ပင် သီတင်းသုံးနေခဲ့၏။

တောထွက်သွားသော ရဟန်းက ထိုအရပ်၌ ကြာမြင့်စွာ နေပြီးနောက် (၁၀)မြောက် မထေရ်အဖြစ်သို့ ရောက်သောအခါ "ဤအရပ်သည် တစ်ကိုယ်တည်း နေဖို့ရာ သင့်တော်၏။ ယခု ငါ့မိတ်ဆွေအားလည်း ထိုအရပ်အကြောင်းကို သွားပြောကြားအံ့" ဟု ကြံစည်လေ၏။ ၄င်းနောက် ထိုအရပ်မှ ထွက်ခဲ့ပြီး ထူပါရုံကျောင်းသို့ ရောက်လာ၏။ ကျောင်းနေရဟန်းက ထိုမိတ်ဆွေရဟန်း ဝင်လာစဉ် တွေ့မြင်၍ ခရီးဦးကြိုဆိုကာ သပိတ်သင်္ကန်း လှမ်းယူကာ ဝတ်ပြု၏။

အာဂန္တုမထေရ်သည် ကျောင်းသို့ရောက်ပြီးနောက် "ငါ့မိတ်ဆွေသည် ထောပတ်ဖြစ်စေ၊ တင်လဲဖြစ်စေ၊ အဖျော်ဖြစ်စေ တစ်ခုခုတော့ အပို့လွှတ်လိမ့်မည်။ အကြောင်းကတော့ သူသည် ဤမြို့၌ အနေကြာပေပြီ"ဟု တွေးလျက် မျှော်လင့်နေ၏။ ညဦးအခါ မျှော်သည့်အတိုင်း မလာလတ်သော နံနက်အခါ၌ "ဒါယကာတို့ယူလာသော ယာဂုခဲဖွယ်ကို အခု အပို့လွှတ်ပေလိမ့်မည်"ဟု မျှော်လင့်ပြန်၏။ ထိုယာဂုခဲဖွယ်လည်း မလာလတ်သော် "ပို့သူဒါယကာများ မရှိကြပေ။ ရွာသို့ဆွမ်းခံဝင်သော အခါ လှူကြလိမ့်မည် ထင်၏"ဟု တွေးလျက် နံနက်စောစောပင်လျှင် ထိုကျောင်းနေရဟန်းနှင့် အတူ ရွာထဲသို့ ဆွမ်းခံဝင်လေ၏။

ထိုရဟန်း ၂-ပါးတို့သည် တစ်ခုသောလမ်းကို လှည့်လည် ဆွမ်းခံသည်ရှိသော် တစ်မှုတ်မျှသော ယာဂုကိုရ၍ ဆွမ်းစားဇရပ်၌ ထိုင်ပြီးလျှင် သောက်ကြ၏။ ထို့နောင် အာဂန္တုမထေရ်သည် "အမြဲတမ်း ယာဂုဝတ် ရှိဟန်မတူပေ။ ယခု ဆွမ်းစားချိန်ကာလ၌ လူတို့သည် မွန်မြတ်သောဆွမ်းကို လှူကြပေလိမ့်မည်"ဟု ကြံတွေးပြန်၏။ ထို့နောက် ဆွမ်းစားချိန်၌လည်း ဆွမ်းခံ၍ရအပ်သော ဆွမ်းကို သာလျှင် ဘုန်းပေးကြပြီးနောက် အာဂန္တုမထေရ်က "အရှင်ဘုရား... ဤသို့ပင် အခါခပ်သိမ်း မျှတနေပါသလော"ဟု ကျောင်းနေရဟန်းကို မေးလေ၏။ ကျောင်းနေရဟန်းက "ဟုတ်ပေ၏ ငါ့ရှင်"ဟု ပြောဆို၏။

ထိုအခါ အာဂန္တုမထေရ်က "အရှင်ဘုရား.. ပါစိနခဏ္ဍရာဇိအရပ်က ချမ်းသာပါ၏။ ထိုအရပ်သို့ ကြွကြပါစို့"ဟု လျှောက်၏။ ဤတွင် ကျောင်းနေရဟန်းက မြို့တောင်ဘက်တံခါးမှထွက်၍ အိုးသည်ရွာလမ်းသို့ ကြွလေ၏။ အာဂန္တုမထေရ်က "အရှင်ဘုရား.. ဒီလမ်းကို ဘာကြောင့် ကြွတာတုန်းဘုရား"ဟု မေးသော် "ငါ့ရှင်... သင်သည် ပါစိနခဏ္ဍရာဇိအရပ်၏ ဂုဏ်ကျေးဇူးကို ပြောသည်မဟုတ်လော"ဟု ဖြေလေ၏။ အာဂန္တုမထေရ်က "အရှင်ဘုရားမှာ ဤမျှလောက် ကာလပတ်လုံး နေရာအရပ်မှာ တစ်စုံတစ်ခုသော အပိုပရိက္ခယာ မရှိတော့ဘူးလား?"ဟု မေးလေ၏။ "မရှိဘူး ငါ့ရှင်၊ ကုတင်ကလည်း

သံဃိကဖြစ်၏။ ကုတင်ကိုလည်း သိမ်းခဲ့ပြီးပြီ။ အခြားပစ္စည်းလဲ မရှိပါဘူး”ဟု ကျောင်းနေရဟန်းက ပြော၏။

“အရှင်ဘုရား… တပည့်တော်ကတော့ တောင်ဝှေး, ဆီကျည်တောက်, ဖိနပ်အိတ်တို့ ထူပါရုံ ကျောင်းမှာ ကျန်ခဲ့ပါသေးတယ် ဘုရား”ဟု အာဂန္တုမထေရ်က လျှောက်၏။ ထိုအခါ ကျောင်းနေရဟန်းက “ငါ့ရှင်… သင်ဟာ တနေ့တာမျှ နေ၍ ဤမျှလောက် များပြားသော ပစ္စည်းတို့ကို ထားခဲ့ပေသကိုး” ဟု အံ့အားသင့်လျက် ပြောကြားလေ၏။ “မှန်ပါ အရှင်ဘုရား”ဟု အာဂန္တုမထေရ်က ဝန်ခံလျှောက်ထားလေ၏။

ထိုအာဂန္တုမထေရ်သည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ကျောင်းနေရဟန်းကို ရှိခိုးပြီးလျှင် “အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်တို့အား မည်သည့်နေရာမဆို (ဘယ်မှာ နေနေ) တောသို့ နေသည်သာ မည်ပါသည်ဘုရား။ ထူပါရုံစေတီတော်သည် ဘုရားလေးဆူတို့၏ ပရိဘောဂဓာတ်တော်များနှင့် သရီရ ဓာတ်တော်များကို ဌာပနာရာ အရပ်ဖြစ်ပါသည်။ ကြေးပြသာဒ်၌ သင့်လျော်သောတရားများကို နာကြား ခြင်း၊ မဟာစေတီကို ဖူးမြော်ခြင်း၊ မထေရ်တို့ကို ဖူးမြော်ခြင်းများကိုလည်း ရအပ်ပါပေသည်။ မြတ်စွာ- ဘုရား ပွင့်သောအခါကဲ့သို့ ဖြစ်ပါပေသည်။ ဤအရပ်၌ပင် အရှင်တို့ သီတင်းသုံးတော်မူကြပါကုန်”ဟု လျှောက်ထားလေ၏။ နောက်နေ့၌ သက်န်းသပိတ်ကို ယူပြီးလျှင် မိမိချည်းသာ တောသို့ ပြန်ကြွသွား လေ၏။ ဤ ကျောင်းနေရဟန်းကဲ့သို့သော ပုဂ္ဂိုလ်အား ကျောင်းသည် ပလိဗောဓ မဖြစ်ပေ။

ကျောင်းပလိဗောဓနှင့် စပ်သော စကားရပ် ပြီး၏။

(၂) ကုလ ပလိဗောဓ = ဆွေမျိုး-ဒါယကာဟူသော အနှောက်အယှက်

ဆွေမျိုးကိုဖြစ်စေ၊ အလုပ်အကျွေး ဒါယကာကိုဖြစ်စေ ကုလ(ဒါယကာ)ဟု ခေါ်၏။ မှန်၏။ “ဒါယကာတို့ ချမ်းသာသည်ရှိသော မိမိလည်း ချမ်းသာ၏” စသောနည်းဖြင့် လူဒါယကာတို့နှင့် ကျွမ်းဝင် နီးနှော ရောယှက်လျက်နေသော အချို့သောရဟန်းအား အလုပ်အကျွေး ဒါယကာသော်လည်း ပလိဗောဓ ဖြစ်၏။ ထိုသို့သော ရဟန်းသည် လူဒါယကာများနှင့် ကင်း၍ အနီးအနား ကျောင်းတိုက်သို့ သော်လည်း တရားနာ မသွားနိုင်ပေ။ အချို့သောရဟန်းအား မိဘသော်လည်း ပလိဗောဓ မဖြစ်ပေ။ ကောရဏ္ဍကကျောင်း၌ သီတင်းသုံးသော မထေရ်၏ တူပဥ္စင်းငယ် ကဲ့သို့တည်း။

ထိုပဥ္စင်းငယ်သည် ပါဠိသင်ယူခြင်းငှာ ရောဟဏဇနပုဒ်သို့ ကြွသွားလေသတတ်။ မထေရ်၏ နှမဖြစ်သော ဥပါသိကာမသည်လည်း သူ့အကို မထေရ်ကို အမြဲတမ်း သူ့သားရဟန်းအကြောင်း မေး၏။ တနေ့သ၌ မထေရ်သည် တူဦးဇင်းကို ခေါ်ဆောင်မည်ဟု ကြံစည်လျက် ရောဟဏဇနပုဒ်သို့ သွားလေ ၏။ တူပဇင်းကလည်း ဤအရပ်မှာ နေတာကြာပြီဖြစ်သဖြင့် သူ့ဦးရီးတော် မထေရ်ကို ဖူးမြော်၍ သူ့မိခင် အကြောင်းကိုလည်း သိရပြီးလျှင် ပြန်လာအံ့ဟု ကြံစည်၍ ရောဟဏဇနပုဒ်မှ ထွက်လာခဲ့၏။

တူဝရီး ၂-ပါးတို့သည် မဟာဝေလိဂင်္ဂါဟူသော မြစ်ကမ်း၌ ဆုံမိကြ၏။ တူပဇင်းငယ်က ဝတ်ပြု သောအခါ မထေရ်က “ဘယ်အရပ်သို့ သွားမည်နည်း”ဟု မေးလျှင် မိမိလာခဲ့ရင်း အကြောင်းကို လျှောက်ထားလေ၏။ မထေရ်က “ရပ်ရွာသို့ ပြန်လာခြင်းသည် ကောင်း၏။ သင့်မယ်တော်ကလည်း ငါ့ကို အမြဲမေးနေတယ်။ ငါလည်း သင့်ကို ခေါ်ဖို့လာခဲ့တာ။ သင် သွားပါလေ။ ငါလည်း ဤအရပ်၌ပင် ဝါကပ်တော့အံ့”ဟု မိန့်ကြား၍ ပဇင်းငယ်ကို လွှတ်လိုက်၏။ ပဇင်းငယ်သည် ဝါကပ်သောနေ့မှာပင် ထိုကောရဏ္ဍကကျောင်းသို့ ရောက်လေ၏။ နေရမည့်ကျောင်းဆောင်သည်လည်း သူ့ဖခင်လှူဒါန်းထား သော ကျောင်း၌ပင် နေရာရလာ၏။

ထိုအခါ သူ့ဖခင်ဥပါသကာသည် နောက်တနေ့တွင် ထိုကျောင်းသို့လာ၍ ကျောင်းနေရဟန်းကို “အရှင်ဘုရား.. တပည့်တော်တို့ကျောင်းမှာ အဘယ်ရဟန်းတော် ကျရောက်ပါသလဲ ဘုရား”ဟု မေး

သည်ရှိသော် ဦးဇင်းငယ်တစ်ပါး ကျကြောင်းပြော၏။ ဒါယကာက ထိုပဇင်းငယ်သို့ ချည်းကပ်ပြီး "အရှင်ဘုရား၊ တပည့်တော်တို့ကျောင်း၌ ဝါကပ်သော ရဟန်းအား ဝတ်ရှိပါသည်"ဟု လျှောက်၏။ "ဘာဝတ်လဲ"ဟု မေးလတ်သော် "ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့ အိမ်၌သာ ဆွမ်းခံ၍ ပဝါရဏာပြုပြီးနောက် ကြွသောအခါ တပည့်တော်တို့အား အသိပေးပြောကြားရပါမည်"ဟု လျှောက်လေ၏။ ပဇင်းငယ်သည် လက်ခံလိုက်၏။ ဥပါသကာလည်း အိမ်သို့ပြန်သွား၍ "ငါ့တို့ကျောင်းမှာ အာဂန္တုတစ်ပါးရောက်နေတယ်။ ဆွမ်းလုပ်ကျွေးရမယ်"ဟု ဆိုလေသော် ဥပါသိကာမလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်များကို စီမံလေ၏။ ပဇင်းငယ်လည်း ဆွမ်းခံချိန်၌ မိဘအိမ်သို့ ကြွလေ၏။ သို့သော် သူ့ကို မည်သူမျှ မမှတ်မိကြချေ။

ပဇင်းငယ်သည် သုံးလပတ်လုံး အိမ်၌ပင် ဆွမ်းဘုဉ်းပေး၍ ဝါကျွတ်လတ်သော် "ဦးပဇင်းသွားတော့မည်"ဟု ပန်ကြားလေ၏။ ထိုအခါ ပဇင်းငယ်အား ဆွေမျိုးများက "အရှင်ဘုရား... မနက်ဖြန်မှ ကြွပါ"ဟု လျှောက်ထားပြီး နောက်နေ့၌ အိမ်မှာပင် ဆွမ်းကပ်လျက် ဆီကျည်တောက်ကို အပြည့်ထည့်ပေးပြီး၊ တင်လဲ တစ်ခဲနှင့် ပိတ်စ ၉-တောင် လှူလိုက်၏။ ပဇင်းငယ်လည်း အနမောဒနာတရားဟောပြီး ရောဟဏဇနပုဒ်အရပ်သို့ ပြန်ကြွသွားလေ၏။

ဦးရီးတော် မထေရ်လည်း ပဝါရဏာပြုပြီး၍ ပြန်လာလတ်သော ယခင်က တွေ့ဆုံခဲ့သည့် မြစ်ကမ်း၌ပင် တွေ့ကြလေ၏။ ပဇင်းငယ်က တစ်ခုသော သစ်ပင်ရင်း၌ ဝတ်ပြုသောအခါ ဦးရီးတော်က "သင့်မယ်တော်ကို တွေ့ခဲ့ရဲ့လား"ဟု မေးလေ၏။ ပဇင်းငယ်က တွေ့ခဲ့ကြောင်းပြောပြီး အကြောင်းစုံကိုလည်း လျှောက်ထားလေ၏။ မိဘအိမ်မှ ရခဲ့သော ဆီဖြင့်ပင် မထေရ်၏ ခြေတို့ကို သုတ်လိမ်းပေး၍ တင်လဲခဲဖြင့် ဖျော်ရည်လုပ်ကပ်ပြီးလျှင် ပိတ်စကိုလည်း ဦးရီးတော်ကိုပင် လှူဒါန်းလိုက်လေ၏။ ၎င်းနောက် မထေရ်အား ရှိခိုးပြီး "အရှင်ဘုရား.. တပည့်တော်အား ရောဟဏဇနပုဒ်သည်သာ လျောက်ပတ်ပါ၏"ဟု လျှောက်ထား၍ သွားလေ၏။ မထေရ်သည်လည်း နောက်နေ့၌ ကောရဏ္ဍကရွာကျောင်းသို့ ရောက်လေ၏။

နမဖြစ်သော ဥပါသိကာမသည်လည်း "ငါ့အစ်ကို မထေရ်ပြန်လာလျှင် ငါ့သားကို ခေါ်လာလိမ့်မည်"ဟု အမြဲမပြတ် လမ်းသို့ ထွက်မျှော်နေ၏။ တစ်ပါးတည်း ကြွလာသော မထေရ်ကိုမြင်လတ်သော် "ငါ့သားတော့ သေပြီထင်တယ်။ မထေရ်က တစ်ပါးတည်း ကြွလာတယ်"ဟု ထင်ကာ မထေရ်၏ ခြေရင်း၌ဝပ်၍ ငိုကြွေးလေ၏။ ထိုအခါ မထေရ်သည် "ပဇင်းငယ်သည် အလိုနည်းပါးခြင်းကြောင့် မိမိကို မည်သူမှန်း မသိစေမူ၍သာလျှင် သွားဟန်တူလေသည်"ဟု သဘောပေါက်ကာ သူ့နှမကို နှစ်သိမ့်စေ၏။ ပြီးမှ ဖြစ်ကြောင်းအစုံကို အကုန်ပြောပြကာ သူ့တူလှူလိုက်သော ပိတ်စကိုပါ ထုတ်ပြလေ၏။

ထိုအခါ မယ်တော် ဥပါသိကာမသည် ကြည်ညိုသောကြောင့် သားပဇင်းငယ် သွားရာအရပ်သို့ ရှေးရှုကာ ရင်ဖြင့်ဝပ်၍ ရှိခိုးလျက် "ငါ့သားနှင့်တူသော ရဟန်းကို မျက်မှောက်သက်သေပြု၍ မြတ်စွာဘုရားသည် ရထဝိနီတသုတ်၌လာသော အကျင့်ကို၄င်း၊ နာလကရဟန်းအား ဟောသော မောနေယျအကျင့်ကိုသော်၎င်း၊ တုဝဋ္ဋကသုတ်၌လာသော အကျင့်ကို၎င်း၊ ပစ္စည်းလေးပါးကို ရောင့်ရဲခြင်းနှင့် ဘာဝနာ၌ မွေ့လျော်ခြင်းကို ပြတတ်သော မဟာအရိယဝံသ အကျင့်ကို၎င်း ဟောတော်မူခဲ့ဟန် တူပေသည်။ မွေးမိခင်အိမ်၌ သုံးလပတ်လုံး ဆွမ်းဘုဉ်းပေးနေပါလျက်လည်း "ဦးပဇင်းက ဒကာမကြီးရဲ့သား၊ ဒကာမကြီးက ဦးဇင်းရဲ့ မယ်တော်"ဟု ဤမျှလောက်သော်မှ မပြောပဲ နေနိုင်တော်မူပါပေသည်။ အံ့ဖွယ်ယောကျာ်းပါတကား"ဟု ပြောဆိုလျှောက်ထားလေ၏။

ဤသို့ သဘောရှိသော ရဟန်းအား မိဘ၌သော်လည်း ပလိဗောဓမဖြစ်ပေ။ အခြားသော အလုပ်အကျွေး ဒါယကာများကိုကား အဘယ် ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

ကုလပလိဗောဓနှင့် စပ်သော စကားရပ် ပြီး၏။

(၃) လာဘ ပလိဗောဓ = လာဘ်ဟူသော အနှောက်အယှက်

ပစ္စည်းလေးပါးတို့ကို လာဘ်-ဟု ဆိုအပ်၏။ ထိုပစ္စည်းလေးပါးတို့သည် အဘယ်သို့ ပလိဗောဓ ဖြစ်သနည်း။ အဖြေကား... ဘုန်းကြီးသော ရဟန်းအား ရောက်လေရာရာ အရပ်၌ လူတို့သည် အခြံအရံ ပစ္စည်းများစွာဖြင့် လူကြကုန်၏။ ထိုရဟန်းသည် လူတို့အား အနုမောဒနာတရား ဟောရသဖြင့် ရဟန်းတရားကို အားထုတ်ခွင့် မရတော့ပေ။ အရုဏ်တက်သည်မှ ညဉ့်ဦးပိုင်းတိုင်အောင် လူတို့နှင့် ရောယှက်မှု မပြတ်တော့ပေ။ တဖန် မိုးလင်းခါနီး နံနက်စောစောကြီးတွင် ပစ္စည်းများခြင်းကို လိုလား သော ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းတို့သည် လာကြ၍ "အရှင်ဘုရား၊ ဤမည်သော ဥပါသကာသည်, ဥပါသိကာမသည်, အမတ်သည်, အမတ်၏သမီးသည် အရှင်ဘုရားတို့ကို ဖူးမြင်လိုပါသည်"ဟု လျှောက်ကြ၏။

ထိုဘုန်းကံကြီးသော ရဟန်းသည် "ငါ့ရှင်.. သပိတ်သင်္ကန်းကို ယူခဲ့လော့"ဟု အလုပ်အကျွေး ရဟန်းကို စေခိုင်းလျက် သွားဖို့ စီမံရ၏။ ဤနည်းဖြင့် ဒါယကာတို့ကို ချီးမြှောက်ခြင်း၌ အမြဲ ကြောင့်ကြ စိုက်ရ၏။ ထိုသို့သော ရဟန်းအားသာလျှင် ထိုပစ္စည်းလေးပါးတို့သည် ပလိဗောဓဖြစ်၏။ ထိုဘုန်းကံကြီး သော ရဟန်းသည် ဒါယကာတို့ကို စွန့်ခွါ၍ မိမိကိုသိသူ မရှိသောအရပ်၌ တပါးတည်း ကျင့်သုံးသင့်ပေ သည်။ ဤသို့ ကျင့်သည်ရှိသော် ပလိဗောဓ ပြတ်လေ၏။

လာဘ် ပလိဗောဓနှင့် စပ်သော စကားရပ် ပြီး၏။

(၄) ဂဏ ပလိဗောဓ = ဂိုဏ်း အနှောက်အယှက်

သုတ္တန်ဆောင် ဂိုဏ်းကိုဖြစ်စေ၊ အဘိဓမ္မာဆောင် ဂိုဏ်းကိုဖြစ်စေ ဂိုဏ်း-ဟုခေါ်၏။ ထိုဂိုဏ်း အား ပါဠိကိုဖြစ်စေ, အဋ္ဌကထာကိုဖြစ်စေ ပို့ချပေးရသည်ဖြစ်၍ တရားအားထုတ်ခွင့်မရသော ရဟန်း အားသာလျှင် ဂိုဏ်းသည် ပလိဗောဓ မည်၏။

ထိုရဟန်းသည် ထိုပလိဗောဓကို ဤဆိုလတ့်အတိုင်း ဖြတ်အပ်၏။ အကယ်၍ သင်ယူသူ ရဟန်းတို့သည် များစွာသောအပိုင်းတို့ကို သင်ယူအပ်ပြီးသည်ဖြစ်၍ အနည်းငယ်သာ ကြွင်းကျန်သည် ဖြစ်အံ့။ ထိုလက်ကျန်ကို အပြီးသတ်၍ တောသို့ ဝင်အပ်၏။ အကယ်၍ အနည်းငယ်သာ သင်ရသေးပြီး၊ အကျန်များသေးသည် ဖြစ်အံ့။ တယူဇနာအတွင်း၌ ဂိုဏ်းအား စာပေပို့ချတတ်သော အခြားရဟန်းသို့ ချဉ်းကပ်၍ "ဤရဟန်းတို့ကို အရှင်သည် ပါဠိသင်ပေးခြင်း စသည်ဖြင့် ချီးမြှောက်တော်မူပါ"ဟု လျှောက်ထားအပ်၏။ ဤသို့ လွှဲရမည့်ပုဂ္ဂိုလ်ကို မရသောရဟန်းသည် "ငါ့ရှင်တို့... ငါ့မှာ ကိစ္စတစ်ခု ရှိနေ၏။ သင်တို့ ချမ်းသာယာအရပ်ကိုသာ သွားကြပါကုန်"ဟု ဆိုကာ ဂိုဏ်းကို စွန့်ပြီးလျှင် မိမိ၏ ရဟန်းကိစ္စကို ပြုသင့်ပေသည်။

ဂိုဏ်းပလိဗောဓနှင့် စပ်သောစကား ပြီး၏။

(၅) အမှုကိစ္စ ပလိဗောဓ

လုပ်စရာကိစ္စ အသစ်ကို အမှုသစ်ဟု ခေါ်၏။ ထိုအမှုကိစ္စကို ပြုသောရဟန်းသည် လက်သမား စသည်တို့ လုပ်ခ ရ-မရကို သိရမည်။ လုပ်ပြီးသောအလုပ်, မပြီးသေးသောအလုပ်တို့ကို သိအောင် ကြောင့်ကြစိုက်ရ၏။ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓ ဖြစ်ပေသည်။

ထိုအမှုကိစ္စဟူသော ပလိဗောဓကိုလည်း ဤဆိုလတ့်အတိုင်း ဖြတ်အပ်၏။ အကယ်၍ လုပ် စရာ အနည်းငယ် ကြွင်းကျန်နေသြားအံ့။ ထိုကိစ္စသည် သံဃကိစ္စဖြစ်မူ သံဃာအားဖြစ်စေ၊ သံဃာ့

ဝန်ဆောင်ရဟန်းတို့အား ဖြစ်စေ လွှဲအပ်သင့်၏။ မိမိကိစ္စဖြစ်မူ မိမိဝန်ဆောင် ရဟန်းတို့အား လွှဲအပ်သင့်၏။ ထိုသို့ လွှဲအပ်ရမည့်သူကို မရသောရဟန်းသည် သံဃာအားစွန့်၍ သွားသင့်ပေသည်။

ကိစ္စပလိဗောဓနှင့် စပ်သော စကားရပ်ပြီး၏။

(၆) ခရီး ပလိဗောဓ

ခရီးသွားခြင်းကို ဆိုလိုသည်။ အကြင်ရဟန်းအား တစ်စုံတစ်ခုသော အရပ်၌ ရှင်ပြုပေးရမည့် ရှင်လောင်းသော်လည်း ရှိငြားအံ့။ ရသင့်ရထိုက်သော တစုံတခုသော ပစ္စည်းသော်လည်း ရှိငြားအံ့။ အကယ်၍ ထိုပစ္စည်းကို မရလျှင် သည်းမခံနိုင်ပါမူ တောသို့ဝင်၍ ရဟန်းတရား အားထုတ်နေသော်လည်း ခရီးသွားလိုသောစိတ်ကို ဖျောက်နိုင်ခဲ၏။ ထို့ကြောင့် သွား၍ လုပ်စရာကိစ္စကို ပြီးဆုံးစေပြီးမှ သာလျှင် ရဟန်းတရား၌ ကြောင့်ကြစိုက် အားထုတ်သင့်ပေသည်။

ကိစ္စပလိဗောဓနှင့် စပ်သော စကားရပ် ပြီး၏။

(၇) ဉာတိ ပလိဗောဓ

ဆွေမျိုး-ဟူသည်ကား ကျောင်း၌ ဆရာ, ဥပဇ္ဈာယ်ဆရာ, အတူနေတပည့်, အနီးနေတပည့်, ဥပဇ္ဈာယ်တူ သီတင်းသုံးဘော်တို့သည် ဆွေမျိုးမည်၏။ အိမ်၌ မိဘညီအစ်ကို မောင်နှမ စသောသူတို့သည် ဆွေမျိုးမည်၏။ ထိုဆရာ စသည်တို့သည် မကျန်းမမာ ဖြစ်ကုန်လတ်သော် ဤယောဂီရဟန်း၏ ပလိဗောဓ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုဆရာစသော ပုဂ္ဂိုလ်တို့ကို လုပ်ကျွေးပြုစု၍ ပကတိအတိုင်း ကျန်းမာအောင် ပြုခြင်းဖြင့် ထိုပလိဗောဓကို ဖြတ်အပ်၏။

ထိုဆရာစသည်တို့တွင် ရှေးဦးစွာ ပြရန်မှာ ဥပဇ္ဈာယ်သည် မကျန်းမာ၍ ရောဂါမှ လျင်မြန်စွာ မထငြားအံ့၊ တစ်သက်လုံးသော်လည်း လုပ်ကျွေးပြုစုအပ်၏။ ရှင်ပြုပေးသော သရဏဂုံဆရာ, ရဟန်းပြုပေးသော ကမ္မဝါစာဆရာ, အတူနေတပည့်, မိမိက ကမ္မဝါဖတ်၍ ရဟန်းပြုပေးသော အနီးနေတပည့်, သရဂုံပေး၍ ရှင်ပြုပေးသော အနီးနေတပည့်, ဥပဇ္ဈာယ်တူ သီတင်းသုံးဘော်တို့ကိုလည်း ထို့အတူပင် ပြုစုလုပ်ကျွေးအပ်၏။

နိဿယည်းဆရာ, ကျမ်းဂန်သင်ကြားပေးသောဆရာ, နိဿယည်းယူတပည့်, ကျမ်းဂန်သင်ယူသည့်တပည့်, ဆရာတူ သီတင်းသုံးဘော်တို့ကိုမူကား နိဿယည်း (သို့) ကျမ်းဂန်သင်ကြားမှု မပြတ်သေးသမျှ ကာလပတ်လုံး လုပ်ကျွေးပြုစုအပ်၏။ စွမ်းနိုင်ပါမူ ထို့ထက်လွန်၍လည်း လုပ်ကျွေးပြုစုအပ်သည်သာတည်း။

မိဘတို့၌ ဥပဇ္ဈာယ်ကဲ့သို့ ကျင့်အပ်၏။ မိဘတို့သည် မင်းအဖြစ်၌ တည်စေကာမူ သားရဟန်း၏ လုပ်ကျွေးပြုစုမှုကို တောင့်တငြားအံ့၊ လုပ်ကျွေးပြုစုရမည်သာတည်း။ အကယ်၍ မိဘတို့အား ဆေးမရှိငြားအံ့၊ မိမိ၏ ဆေးပစ္စည်းကို ပေးရမည်။ မိမိ၌ ဆေးမရှိလတ်သော် အလှူခံသောအကျင့်ဖြင့် ရှာဖွေ၍ ပေးရမည်သာတည်း။ ညီအစ်ကို အစ်မ နှမတို့အားမူ ထိုသူတို့၏ ဉစ္စာကိုသာလျှင် ဆေးဖော်စပ်ပေးရမည်။ အကယ်၍ ထိုသူတို့အား ဆေးမရှိလျှင် မိမိဆေးကို အခိုက်အတန့် ချေးသည့်သဘောဖြင့် ပေး၍ နောင်အခါ အစားပြန်ရလျှင် ယူအပ်၏။ မရလျှင် ထိုသူတို့ကို မတောင်းအပ်။

ဆွေမျိုးမတော်သော ယောက်ဖအား ဆေးကုခြင်း ဆေးပေးခြင်းငှာ မအပ်ပေ။ "သင်၏ခင်ပွန်းအား ပေးလော့"ဟု ဆို၍ မိမိနမကိုမူကား ပေးအပ်၏။ အစ်ကို့ဇနီးဖြစ်သော မရီး (သို့) ညီ၏ဇနီးဖြစ်သော ခယ်မတို့၌လည်း ဤနည်းအတိုင်းပင်တည်း။ ထိုယောက်ဖ, မရီး, ခယ်မတို့၏ သားသမီးတို့သည်ကား ထိုရဟန်း၏ ဆွေမျိုးတို့သာလျှင် ဖြစ်သောကြောင့် ဆေးကုအပ်ပေသည်။

ဆွေမျိုး ပလိဗောဓနှင့်စပ်သော စကားရပ် ပြီး၏။

(၈) အနာရောဂါ ပလိဗောဓ

အနာရောဂါ ဟူသည်ကား တစုံတခုသော အနာရောဂါတည်း။ ထိုအနာရောဂါသည် နာကျင်နှိပ်စက်လတ်သော် ရဟန်းအား ပလိဗောဓ မည်၏။ ထို့ကြောင့် ထိုပလိဗောဓကို ဆေးကုခြင်းဖြင့် ဖြတ်ရမည်။ အကယ်၍ ရက်အနည်းငယ် ဆေးကုသော်လည်း မပျောက်ငြားအံ့။ "ငါသည် ခန္ဓာကိုယ် တည်းဟူသော နင်၏ ကျွန်မဟုတ်။ အခစားလည်း မဟုတ်။ သင့်ကိုသာလျှင် လုပ်ကျွေးလျက် အစမထင် သံသရာဝဋ်၌ ဆင်းရဲသို့ ရောက်ခဲ့ရလေပြီ"ဟု ခန္ဓာကိုယ်ကို ကဲ့ရဲ့၍ တရားကိုသာလျှင် အားထုတ်သင့်၏။

ရောဂါ ပလိဗောဓနှင့် စပ်သော စကားရပ် ပြီး၏။

(၉) ကျမ်းဂန် ပလိဗောဓ

ကျမ်းဂန်ဟူသည် ပိဋကတ်ဟူသော ပရိယတ်ကို ဆောင်ရွက်ခြင်းတည်း။ ထိုကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ်ခြင်း စသည်ဖြင့် အမြဲကြောင့်ကြစိုက်နေသော ရဟန်အား ပလိဗောဓဖြစ်၏။ အမြဲကြောင့်ကြမစိုက်သော ရဟန်းအား မဖြစ်ပေ။ ထိုသို့ ပလိဗောဓ မဖြစ်ရာ၌ ဤဆိုလတ့ံသော ဝတ္ထုများဖြင့် သိအပ်၏။

ပရိယတ္တိ ဆောင်နေသော မထေရ်များအကြောင်း

(၁) မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် မလယအရပ်၌နေသော ဒေဝမထေရ်ထံသွား၍ ကမ္မဋ္ဌာန်းတောင်း၏။ မလယဝါသီ ဒေဝမထေရ်က "ငါ့ရှင် ပရိယတ်၌ အဘယ်သို့ သဘောရှိသနည်း"ဟု မေးလေ၏။ "မဇ္ဈိမနိကာယ်ကို နှုတ်တက်ဆောင်ပါသည် ဘုရား"ဟု ပြန်လျှောက်၏။ "ငါ့ရှင်.. မဇ္ဈိမနိကာယ်မည်သည် ဆောင်ရန်ခက်ခဲ၏။ မူလပဏ္ဏာသကို ရွတ်အံသူအား မဇ္ဈိမပဏ္ဏာသသည် နှုတ်သို့ ရောက်လာတတ်၏။ မဇ္ဈိမပဏ္ဏာကို ရွတ်အံသူအား ဥပရိပဏ္ဏာသသည် နှုတ်သို့ ရောက်လာတတ်၏။ သင့်အား အဘယ်မှာလျှင် ကမ္မဋ္ဌာန်းနှလုံးသွင်းမှု ဖြစ်နိုင်ပါအံ့နည်း"ဟု မိန့်လေ၏။

"အရှင်ဘုရားတို့ထံ၌ ကမ္မဋ္ဌာန်းယူပြီးသည်ရှိသော် ပရိယတ်ကို နောင်တဖန်ပြန်၍ မကြည့်တော့ပါ အရှင်ဘုရား"ဟု လျှောက်ထားလေ၏။ ထိုမထေရ်သည် ကမ္မဋ္ဌာန်းယူပြီးလျှင် ၁၉-နှစ်ပတ်လုံး ရွတ်အံ့ခြင်းကို မပြုဘဲ အနှစ် ၂၀-မြောက်၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအခါ သရဇ္ဈာယ်ခြင်းငှာ လာကြကုန်သော ရဟန်းတို့အား "ငါ့ရှင်တို့... ငါသည် ပရိယတ်ကို မကြည့်သည်မှာ အနှစ် ၂၀-ရှိပေပြီ။ သို့သော်လည်း ဤမဇ္ဈိမနိကာယ်၌ ကျွမ်းကျင်စွာ လေ့လာပြီးဖြစ်၏။ အားထုတ်ကြပါကုန်"ဟု ဆိုပြီးလျှင် အစမှ အဆုံးတိုင်အောင် အက္ခရာတစ်လုံးမျှသော်လည်း ထိုမထေရ်အား ယုံမှားသံသယမဖြစ်ပေ။

(၂) ကရုဠိယတောင်၌ သီတင်းသုံးနေသော နာဂမထေရ်လည်း ၁၈-နှစ်ပတ်လုံး ပရိယတ်ကို စွန့်လွှတ်ပြီးနောက် ရဟန်းတို့အား ဓာတုကထာကို ပို့ချလေသည်။ အနုရာဓမြို့နေ မထေရ်တို့နှင့်အတူ နှီးနှောတိုက်ဆိုင်ကြည့်သောအခါ ထိုနာဂမထေရ်ထံမှ သင်ယူခဲ့သော ရဟန်းတို့အား တစ်ခုသော ပဉှာသော်လည်း အစဉ်ချွတ်လျက် နှုတ်တက်သည် မရှိပေ။

(၃) မဟာဝိဟာရ ကျောင်းတိုက်၌လည်း တိပိဋကစူဠာဘယ မည်သော မထေရ်သည် အဋ္ဌကထာကို မသင်ယူပဲပင် နိကာယ်ငါးရပ်ကို သင်ယူပြီးသောအခါ ပရိယတ်၌ ပိဋကတ်သုံးပုံကို ဖွင့်ဆိုမည်ဟု စည်တော်ကို တီးစေ၏။ ရဟန်းတော်များက "အဘယ်ဆရာ၏ ပို့ချစဉ်နည်း။ မိမိဆရာ၏ ပို့ချစဉ်ကိုသာလျှင် ဆိုလော့။ တပါးသောပို့ချစဉ်ဖြင့် ဆိုခြင်းငှာ ခွင့်မပေးကုန်အံ့"ဟု ပြောဆိုလေ၏။

ထိုအဘယမထေရ်၏ ဥပဇ္ဈာယ်ဆရာကလည်း မိမိထံ ဆည်းကပ်ဝတ်ပြုလာစဉ် ထိုအဘယမထေရ်ကို "ငါ့ရှင့်- သင်သည် စည်ကို တီးခတ်စေသလော"ဟု မေးလေ၏။ "မှန်ပါသည် အရှင်ဘုရား" ဟု လျှောက် ၏။ "အဘယ် အကြောင်းကြောင့်နည်း"ဟု မေးပြန်၏။ "ပိဋကတ်ကို ဖွင့်ဆိုမည်ဟု ရည်ရွယ်သောကြောင့်ပါ အရှင်ဘုရား"ဟု လျှောက်၏။ "ငါ့ရှင် အဘယ- ဆရာတို့သည် ဤပုဒ်ကို အဘယ်သို့ ဖွင့်ဆိုသနည်း"ဟု မေးပြန်၏။ "ဤသို့ ဖွင့်ဆိုကြပါသည် အရှင်ဘုရား"ဟု လျှောက်၏။

ဆရာက "ဟုန်"ဟု ဆိုကာ တားမြစ်လိုက်၏။ တဖန် ထိုအဘယမထေရ်က အခြားအခြားသော ပရိယာယ်အားဖြင့် "ဤသို့ ဖွင့်ဆိုကြပါသည် အရှင်ဘုရား"ဟု သုံးကြိမ်တိုင်တိုင် ပြင်၍ ပြင်၍ လျှောက်ထားပြန်၏။ ဥပဇ္ဈာယ်ဆရာက "ဟုန်"ဟုဆိုကာ တားမြစ်ပြီးလျှင် "ငါ့ရှင်- သင်ပထမဆိုသော အဖွင့်သည်သာလျှင် ဆရာတို့၏ ပို့ချစဉ်ဖြစ်ပေသည်။ သို့ရာတွင် ဆရာတို့၏နှုတ်မှ သင်ယူထားသည် မဟုတ်သောကြောင့် "ဤသို့ ဆရာတို့ ဖွင့်ဆိုကြပါသည်"ဟု ကြံ့ကြံ့တည်ခြင်းငှာ မစွမ်းနိုင်ပဲ ရှိချေသည်။ သွားပါချေ။ မိမိဆရာတို့၏ အထံ၌ နာယူချေဦး"ဟု ပြောကြားလေ၏။

"အဘယ်အရပ်သို့ သွားရပါမည်နည်း အရှင်ဘုရား"ဟု မေးလျှောက်လေသော် "ဂင်္ဂါမြစ်တဖက်တွင် ရောဟဏဇနပုဒ်၌ တုလာဓာရတောင်ကျောင်း၌ ပိဋကတ်သုံးပုံကို အလုံးစုံ ကျွမ်းကျင်သော မဟာဓမ္မရက္ခိတမည်သော မထေရ်ရှိ၏။ ထိုမထေရ်ထံသို့ သွားလော"ဟု ညွှန်ကြားလေ၏။ "ကောင်းပါပြီ"ဟု ဝန်ခံပြီး စူဠာဘယမထေရ်သည်လည်း ဥပဇ္ဈာယ်ဆရာကို ရှိခိုးပြီးလျှင် ရဟန်းငါးရာနှင့်အတူ မဟာဓမ္မရက္ခိတမထေရ်ထံသို့ သွားလေ၏။

မဟာဓမ္မရက္ခိမထေရ်က "အဘယ့်ကြောင့် လာသနည်း"ဟု မေးလေသော် "အဋ္ဌကထာကို သင်ယူခြင်းငှာ လာပါသည်"ဟု လျှောက်လေ၏။ "ငါ့ရှင် အဘယ၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်တို့၌ ငါ့ကို ရံဖန် ရံခါ မေးကြ၏။ ကြွင်းသော နိကာယ်တို့ကိုမူ အနှစ် ၃၀-တို့ပတ်လုံး ပြန်၍ မကြည့်စဖူး။ သို့သော်လည်း သင်သည် ညဉ့်အခါ၌ ငါ့ထံတွင် ပါဠိတော်ကို ပြန်ပြပါ။ ငါသည် သင့်အား နေ့အခါ၌ အဋ္ဌကထာကို ပို့ချပေးပါမည်"ဟု ပြောကြားလေသည်။ အဘယမထေရ်သည် "ကောင်းပါပြီ အရှင်ဘုရား"ဟု ဆို၍ ထိုမထေရ် မိန့်ဆိုသည့်အတိုင်း ပြုလုပ်လေ၏။

ကျောင်းဝင်းတံခါး၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၍ ရွာသူရွာသားတို့သည် နေ့တိုင်း တရားနာခြင်းငှာ လာရောက်ကြ၏။ အဘယမထေရ်သည် ညဉ့်အခါ ပါဠိတော်ကို ပြန်ဆို၏။ ထိုညဉ့်ပြန်ဆိုသော ပါဠိတော်ကို နေ့အခါ ဖွင့်ပြလျက် မဟာဓမ္မရက္ခိတ မထေရ်သည် အစဉ်သဖြင့် ဒေသနာကို ပြီးဆုံးစေပြီးလျှင် ပလ္လင်ထက်မှ ဆင်းကာ ဖျာပေါ်၌ ထိုင်၍ "ငါ့ရှင်... ငါ့အား ကမ္မဋ္ဌာန်းတရားကို ဟောကြားပါ"ဟု တောင်းပန်လေ၏။

"အရှင်ဘုရား.. အဘယ်သို့ ဆိုပါကုန်သနည်း။ တပည့်တော်သည် အရှင်ဘုရားတို့ အထံ၌ သင်ယူရသည် မဟုတ်ပါလော။ တပည့်တော်သည် အရှင်ဘုရားတို့ မသိသေးသောတရားကို အဘယ်သို့ ဟောကြားနိုင်ပါမည်နည်း"ဟု အဘယမထေရ်က လျှောက်ထားလေ၏။ ထိုအခါ ဆရာဖြစ်သော မဟာဓမ္မရက္ခိတ မထေရ်က "ငါ့ရှင် အဘယ၊ ပဋိပတ်(ကိုယ်တွေ့အကျင့်)ဟူသော သွားခြင်းဖြင့် သွားပြီး သိပြီးသောသူ၏ ဤအကျင့်လမ်းက အခြားတပါး ဖြစ်ပါသည်"ဟု ဆိုလေ၏။ ထိုစဉ်အခါ၌ အဘယမထေရ်သည် သောတာပန်ဖြစ်နေသတတ်။

ထို့ကြောင့် ထိုအဘယမထေရ်သည် မဟာဓမ္မရက္ခိတမထေရ်အား ကမ္မဋ္ဌာန်းပေးပြီးလျှင် ပြန်လာ၍ ကြေးပြသာဒ်၌ ပိဋကတ်သုံးပုံပါဠိတော်ကို ဖွင့်ဆိုပို့ချနေ၏။ ထိုသို့ ပို့ချနေစဉ် "မဟာဓမ္မရက္ခိတမထေရ် ပရိနိဗ္ဗာန်ပြုလေပြီ"ဟု ကြားသိရလေ၏။ ကြားသိပြီး၍ "ငါ့ရှင်တို့- သင်္ကန်းယူခဲ့ကြပါ" ဟု ဆိုပြီး သန့်ပြန့်သောသင်္ကန်းကို ရုံ၍ "ငါ့ရှင်တို့... ငါတို့၏ဆရာအား အရဟတ္တမဂ်သည် လျှောက်ပတ်လှပါပေ၏။ ငါတို့၏ ဆရာသည် ဖြောင့်လည်း ဖြောင့်မတ်၏။ အာဇာနည်မထေရ်လည်း ဖြစ်ပေ၏။ ထိုငါတို့ ဆရာသည် မိမိတပည့် စာသင်သား၏ အထံ၌ ဖျာပေါ်မှာထိုင်၍ "ငါ့အား ကမ္မဋ္ဌာန်းတရားကို

ဟောကြားပါလော”ဟု တောင်းပန်ပေ၏။ ငါ့ရှင်တို့- ငါတို့ဆရာမထေရ်အား အရဟတ္တမဂ်သည် လျှောက်ပတ်လှပါပေ၏”ဟု ပြောဆို၏။

ဤ ဒေဝ, နာဂ, မဟာဓမ္မရက္ခိတ မထေရ်တို့ကဲ့သို့ သဘောရှိသော ရဟန်းတို့အား ကျမ်းဂန်သည် ပလိဗောဓ မဖြစ်ပေ။

ကျမ်းဂန်ပလိဗောဓနှင့် စပ်သော စကားရပ်ပြီး၏။

၁၀။ တန်ခိုး ပလိဗောဓ

တန်ခိုးဟူသည်ကား ပုထုဇဉ်တို့၌ဖြစ်သော တန်ခိုးတည်း။ မှန်၏။ ထိုပုထုဇဉ်တို့တန်ခိုးသည် ပက်လက်အိပ်တတ်ကာမျှ သူငယ်ကဲ့သို့၎င်း, ကောက်ပင်နုကဲ့သို့၎င်း မပျက်အောင် ဆောင်ထားရန် ခက်ခဲ၏။ အနည်းငယ်မျှသော အနှောက်အယှက်ဖြင့်ပင် ပျက်စီးတတ်၏။ ထိုတန်ခိုးသည် ဝိပဿနာ အတွက်သာ ပလိဗောဓဖြစ်သည်။ သမာဓိ၏ ပလိဗောဓကား မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် သမာဓိသို့ ရောက်ပြီးမှသာ ထိုတန်ခိုးသို့ ရောက်နိုင်သောကြောင့်တည်း။

ထို့ကြောင့် ဝိပဿနာကို အလိုရှိသောသူသည်ကား တန်ခိုးဟူသော ပလိဗောဓကိုလည်း ဖြတ်အပ်၏။ သမာဓိကို အလိုရှိသောသူသည်ကား ကြွင်းသော ပလိဗောဓ ၉-ပါးကိုသာ ဖြတ်အပ်ပေသည်။

တန်ခိုးပလိဗောဓနှင့်စပ်သော စကားရပ် ပြီး၏။

****

ကမ္မဋ္ဌာန်းပေးသူကို ဖွင့်ပြခြင်း

“ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းကို ချဉ်းကပ်၍” ဟူသော ခေါင်းစဉ်စကားရပ်၌ ကမ္မဋ္ဌာန်းသည် အရာခပ်သိမ်း၌ အလိုရှိအပ်သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊ အမြဲဆောင်ထားအပ်သော ပါရိဟာရိယ ကမ္မဋ္ဌာန်းဟူ၍ ၂-မျိုးရှိ၏။

ထို ၂-မျိုးတို့တွင် (၁) **ရဟန်းသံဃာ စသည်တို့၌ ပွားစေအပ်သော မေတ္တာကမ္မဋ္ဌာန်းသည် ၎င်း၊ (၂) မရဏဿတိ ကမ္မဋ္ဌာန်းသည်၎င်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။ (၃) အသုဘကမ္မဋ္ဌာန်း သည်လည်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏ဟု အချို့က ဆိုကြ၏။**

[သဗ္ဗတ္ထ=အရာခပ်သိမ်း၌+အတ္ထက=အလိုရှိအပ်သော+ကမ္မဋ္ဌာန=ကမ္မဋ္ဌာန်း။]
[**စတုရာရက္ခာတိ=** ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘာ မရဏဿတိ- ဟူသော ခုဒ္ဒသိက္ခာကျမ်း၌ ဗုဒ္ဓါနုဿတိ နှင့်တကွ ဤသဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၃-ပါးကိုပင် အစောင့်အရှောက်တရား ၄-ပါးဟု ပြဆို ထား၏။ ထိုအလိုအားဖြင့် ဗုဒ္ဓါနုဿတိကိုလည်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ဆိုသင့်ပေသည်။]

သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို အကျယ်ရှင်းပြချက်

တရားအားထုတ်သော ယောဂီရဟန်းသည် ရှေးဦးစွာ “ဤကျောင်းတွင်း၌ ရှိသည် အလုံးစုံသော ရဟန်းများ”ဟု ပိုင်းခြားသတ်မှတ်၍ ဥပစာရသိမ်ခေါ် ကျောင်းတိုက်တွင်းရှိ ရဟန်းသံဃာကို “ဤကျောင်းတွင်းရှိ ရဟန်းအားလုံးတို့သည် ကျန်းမာကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ”ဟု မေတ္တာကို ပွားစေအပ်၏။ ကျောင်းတွင်းရှိ နတ်များ၊ ထို့နောက် မြို့ရွာတွင်းရှိ အစိုးရသော လူကြီးများ၊ ထို့နောက် ဆွမ်းခံရွာ၌နေသော လူတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာကို ပွားစေအပ်၏။

ထိုသို့ ပွားစေခြင်း၏ အကျိုးကား ရဟန်းသံဃာ၌ ပွားစေအပ်သော မေတ္တာဖြင့် အတူနေ သီတင်းသုံးဖေါ်တို့၏ စိတ်ကို သိမ်မွေ့နူးညံ့စေ၏။ ထိုအခါ ကမ္မဋ္ဌာန်းတရားအားထုတ်သော ရဟန်းအား ထိုသီတင်းသုံးဖေါ်ရဟန်းတို့သည် ချမ်းမြေ့ပြေပြစ်သော ဆက်ဆံခြင်းရှိကြကုန်၏။ ကျောင်းဝိုင်းတွင်းရှိ နတ်တို့၌ ပွားစေအပ်သောမေတ္တာဖြင့် နူးညံ့သိမ်မွေ့သော စိတ်ရှိကြသောနတ်တို့သည် ကမ္မဋ္ဌာန်း အား ထုတ်သောရဟန်းကို ကောင်းစွာ စောင့်ရှောက်ကြကုန်၏။ ဆွမ်းခံရွာတွင်းရှိ အစိုးရသော လူကြီးများ ကို ပွားသောမေတ္တာဖြင့် ထိုသူတို့၏စိတ်ကို နူးညံ့စေသောကြောင့် ထိုအစိုးရသူ လူကြီးတို့သည် ထိုရဟန်း၏ ပရိက္ခရာတို့ကို တရားနှင့်အညီ ကောင်းစွာ စောင့်ရှောက်ကုန်၏။ ဆွမ်းခံရွာတွင်းရှိ လူများ ကို ပွားသောမေတ္တာဖြင့် ထိုလူတို့၏ စိတ်ကို ကြည်လင်စေနိုင်သောကြောင့် ထိုလူတို့၏ နှိပ်စက် နှောက်ယှက်ခြင်းမရှိပဲ သွားလာနေထိုင်ရ၏။ အလုံးစုံသော သတ္တဝါတို့ကို ပွားစေအပ်သော မေတ္တာဖြင့် အလုံးစုံသော အရပ်မျက်နှာတို့၌ အနှောက်အယှက်မရှိပဲ လှည့်လည်သွားလာရ၏။

သေခြင်းတရားကို အဖန်ဖန် အောက်မေ့ခြင်း(မရဏာဿတိ)ဖြင့် "ငါသည် မုချ သေရလတံ့"ဟု ဆင်ခြင်မိသောကြောင့် မအပ်သောနည်းဖြင့် ပစ္စည်းရှာခြင်းကို စွန့်၍ အဆင့်ဆင့် သံဝေဂကို ပွားစေ လျက် မှန်ကန်သောအကျင့်၌ မတွန့်ဆုတ်သော စိတ်ဖြစ်ခြင်း ရှိ၏။ အသုဘသညာ၌ လေ့လာပြီးသော စိတ်ရှိသော ထိုသူ၏စိတ်ကို နတ်၌ဖြစ်သော အာရုံတို့သော်မှလည်း လောဘ၏အစွမ်းအားဖြင့် မဆွဲ ဆောင်နိုင်ကြကုန်။

ထိုသို့ ကျေးဇူးကြီးလှသဖြင့် **<u>အလုံးစုံသော ကမ္မဋ္ဌာန်းတရား အားထုတ်ရာ၌ ရှေ့သွားအဖြစ်ဖြင့် အလိုရှိအပ်သောကြောင့်၄င်း၊ လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏ အကြောင်းဖြစ်သောကြောင့် ၄င်း၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟူ၍</u>** ဆိုအပ်ပေသည်။

ပါရိဟာရိယ ကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်း ၄၀-တို့တွင် တရားအားထုတ်သော ယောဂီ၏ စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းသည် ထိုယောဂီက အမြဲအားထုတ်ခြင်းဖြင့် ဆောင်ထားအပ်သောကြောင့်၄င်း၊ အထက် အထက်ဖြစ်သော ဘာဝနာပွားမှု၏ နီးသောအကြောင်း ဖြစ်သောကြောင့်၄င်း **ပါရိဟာရိယ ကမ္မဋ္ဌာန်းဟူ၍** ဆိုအပ်ပေ သည်။ ဤသို့ ၂-ပါးအပြားရှိသော ကမ္မဋ္ဌာန်းကို ပေးတတ်သောပုဂ္ဂိုလ်ကို ကမ္မဋ္ဌာန်းပေးသူဟု ခေါ်၏။

မိတ်ဆွေကောင်း လက္ခဏာ

မိတ်ဆွေကောင်းဟူသည်မှာ- (၁)ချစ်ခင်အပ်၏၊ (၂)လေးစားအပ်၏၊ (၃)ချီးမွမ်းအပ်၏၊ (၄)သူတပါးကို ဆိုဆုံးမတတ်၏၊ (၅)မိမိက ဆိုဆုံးမ ခံနိုင်၏၊ (၆)သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသော နက်နဲသော စကားကို ပြောဟောတတ်၏၊ (၇)မလျော်သောအရာ၌ အတိုက်တွန်းတတ်ပေ-
(ဒုတိယမိတ္တသုတ်၊ သတ္တကနိပါတ်၊ အံ၊၂၄၂၂)

ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည့် ကေန်မုချ အကျိုးစီးပွားကို ရှာတတ်သော သီလ သမာဓိ ပညာ ကြီးပွားရေးအဖို့၌တည်သော မိတ်ဆွေကောင်းပေတည်း။
မိတ်ဆွေကောင်းကို ရှာဖွေခြင်း

"အာနန္ဒ... ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အကြောင်းပြု၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေရခြင်းမှ လွတ်မြောက်ကုန်၏"(ကလျာဏမိတ္တသုတ်၊ သံ၊ ၁၊၈၈) ဤသို့စသည်ကို ဟောတော်မူသောကြောင့် မြတ်စွာဘုရားသည်သာ အလုံးစုံသောအခြင်းအရာ နှင့် ပြည့်စုံသော မိတ်ဆွေကောင်းမည်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှိတော်မူလျှင် ထိုဘုရားထံ တော်၌ ကမ္မဋ္ဌာန်းကို ယူခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးလျှင်ကား ရှစ်ကျိပ်သော မဟာသာဝကတို့တွင် သက်တော်ထင်ရှားရှိသော မဟာသာဝက၏ အထံ၌ ယူခြင်းငှာ သင့်ပေသည်။ ထိုမဟာသာဝကတို့ မရှိလျှင်မူကား မိမိယူလိုသော ကမ္မဋ္ဌာန်း၏အစွမ်းအားဖြင့်ပင်လျှင် စတုက္က-ပဉ္စမဈာန်တို့ကို ဖြစ်စေ၍ ဈာန်ကို အခြေပြုကာ ဝိပဿနာကို ပွားစေလျက် အာသဝေါကုန်ခမ်းခြင်းသို့ ရောက်သော ရဟန္တာ၏အထံ၌ ခံယူသင့်၏။

ရဟန္တာက ဝန်ခံသလား?

ရဟန္တာသည် "ငါ ရဟန္တာ" ဟူ၍ မိမိဂုဏ်ကို ထင်ရှားဖေါ်ပြပါသလော? မေးခဲ့သော် အဘယ်မှာ ဤသို့ မေးဖွယ်ရှိအံ့နည်း။ "ကမ္မဋ္ဌာန်းအားထုတ်သူ"ဟု သိလျှင် "ငါ ရဟန္တာ"ဟု ထင်ရှားပြတတ်ပေသည်။ အဿဂုတ္တမထေရ်သည် ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းအား "ဤသူသည် ကမ္မဋ္ဌာန်းအားထုတ်သူတည်း"ဟု သိသောကြောင့် ကောင်းကင်၌ သားရေပိုင်းကို ခင်းလျက် ထိုသားရေခင်း၌ ထိုင်ကာ ကမ္မဋ္ဌာန်းကို ဟောခဲ့ဖူးသည် မဟုတ်ပါလော။ (စူဠသကုလုဒါယီသုတ်၊ မဇ္ဈိမ၊ပဏ်၊၂၂၁)

[မှတ်ချက်။ ။ဤ၌ ရဟန္တာပုဂ္ဂိုလ်က ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းအား မိမိဂုဏ်ကို ပြသည်ဟု ဆိုရာဝယ် လူ-သာမဏေတို့အား ပြသည်မဟုတ်။ ရဟန်းအားသာ ပြသည်ဟု မှတ်ယူရမည်။ အကြောင်းမှာမူ လူ-သာမဏေတို့အား မိမိရဟန္တာဖြစ်ကြောင်း ပြောပြလျှင် ဘူတာရောစန သိက္ခာပုဒ်ဖြင့် အာပတ်သင့်၏။ အရိယာပုဂ္ဂိုလ်ဟူသမျှသည်လည်း သိလျက်နဲ့ ဝိနည်းသိက္ခာပုဒ်ကို လွန်ကျူးရိုး မရှိကြပေ။]

ရဟန္တာ မရခဲ့သော်-

အကယ်၍ ကမ္မဋ္ဌာန်းပေးတတ်သူ ရဟန္တာကို ရခဲ့လျှင်ကောင်း၏။ မရခဲ့သော် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ဈာန်ရပုထုဇဉ်နှင့် ပိဋကတ် ၃-ပုံဆောင်၊ ၂-ပုံဆောင်၊ ၁-ပုံဆောင် ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင် ရှေးရှေး အထက်ဖြစ်သော ပုဂ္ဂိုလ်၏ အထံ၌ ယူသင့်ပေသည်။ ပိဋကတ် ၁-ပုံဆောင်ပုဂ္ဂိုလ်ပင် မရှိလတ်သော် နိကာယ်တစ်ခုမျှကို အဋ္ဌကထာနှင့်တကွ ကျေပြွန်စွာ လေ့လာထားသော လဇ္ဇီပုဂ္ဂိုလ်လည်း ဖြစ်သောသူ၏ အထံ၌ ယူသင့်ပေသည်။

သုတ်ပါဠိတော်ကို ဆောင်သော, ဘုရားနှင့် တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးအနွယ်ကို အစဉ် စောင့်ရှောက်သော, ဆရာ အစဉ်အဆက်၏ သင်ရိုး အစဉ်အဆက်ကို ထိန်းသိမ်းစောင့်ရှောက်သော ဤကဲ့သို့သော ဆရာသည် မိမိဆရာ၏ အယူအဆကိုသာ ပြတတ်၏။ မိမိ အယူအဆကို မပြတတ်။ ထို့ကြောင့်ပင် ရှေးမထေရ်ကျော်တို့က "လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ = လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်လိမ့်မည်၊ လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်လိမ့်မည်"ဟု သုံးကြိမ်တိုင်တိုင် မိန့်ဆိုခဲ့ကြလေပြီ။

ဗဟုသုတများသော ဆရာကို ရှာ

ဖေါ်ပြခဲ့ပြီးသော ကမ္မဋ္ဌာန်းဆရာတို့တွင် ရှေး၌ဆိုခဲ့သော ရဟန္တာစသည်တို့သည် မိမိတို့ရထားသော အကျင့်လမ်းကိုသာလျှင် ပြောဆိုတတ်ကြပေသည်။ အကြားအမြင်များသော ကမ္မဋ္ဌာန်းဆရာသည်ကား ထိုထိုဆရာသို့ ချဉ်းကပ်၍ ပါဠိအဋ္ဌကထာတို့ကို ကျေပြွန်စွာ လေ့လာခြင်းဖြင့် သုတ်သင်ထားပြီးဖြစ်သောကြောင့် ထိုထိုသုတ်ကိုငှါး၊ ထိုသုတ်သို့ အစဉ်လိုက်သော အကြောင်းယုတ္တိကိုငှါး၊ ကောင်းစွာမှတ်သားလျက် လျော်သည် မလျော်သည်ကို ယှဉ်စေလျက် ချုံပိတ်ပေါင်းထူထပ်သော အရပ်၌ သွားသော ဆင်ပြောင်ကဲ့သို့ ကမ္မဋ္ဌာန်းအစီအရင်ဟူသော လမ်းမကြီးကိုပြလျက် ကမ္မဋ္ဌာန်းကို ဟောပေလိမ့်မည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းပေးတတ်သော ဤသို့သဘောရှိသော မိတ်ဆွေကောင်းကို ချဉ်းကပ်၍ ထိုထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းအား ပြုသင့်သော ဝတ်အကျင့်ကို ပြု၍ ကမ္မဋ္ဌာန်းကို ယူသင့်ပေသည်။

[**သပ္ပါယာသပ္ပါယံ ယောဇေတွာ**= ကမ္မဋ္ဌာန်းနာယူသော တပည့်အား သပ္ပါယဖြစ်သည်သော အရာကို မှီဝဲရန်၊ မဖြစ်သောအရာကို ရှောင်ရန် စဉ်းစားဆင်ခြင်၍ ညွှန်ကြားခြင်းကို ဆိုလိုသည်။ တနည်းကား… တပည့်အား သပ္ပါယ ဖြစ်သည်-မဖြစ်သည်ကို ကမ္မဋ္ဌာန်းဆရာ၏ စိတ်ထဲ၌ ကောင်းစွာ စွဲမှတ်ထား၍ ညွှန်ကြားခြင်းကို ဆိုလိုသည်။ (ဋီကာ)]

ဆရာရှာထွက်ပုံ

အကယ်၍ ကမ္မဋ္ဌာန်းဆရာကို မိမိနှင့်တကျောင်းတည်း၌သာ ရခဲ့လျှင် ကောင်း၏။ မရလျှင် ဆရာရှိရာသို့ သွားသင့်၏။ ထိုသို့သွားသော ရဟန်းသည် ခြေထောက်တို့ကို ရေဆေး၍ ဆီပြောင်အောင် လိမ်းလျက် ဘိနပ်စီး, ထီးဆောင်း, ဆီကျဉ်တောက် ပျားရည် တင်လဲ စသည်တို့ကို ယူစေကာ တပည့်များ ခြံရံလျက် မသွားသင့်ပေ။

ခရီးသွားရဟန်းများ ပြုရမည့် ကျင့်ဝတ်ကို ပြည့်စုံစေပြီးလျှင် မိမိသပိတ်ကို ကိုယ်တိုင်ယူလျက် လမ်းခရီးအကြားတွင် မိမိဝင်ရာ ကျောင်းဟူသမျှ၌ (ဝင်စဉ်အခါ အာဂန္တုကဝတ်, ထွက်စဉ်အခါ ဂမိကဝတ်ဟူသော) ကျင့်ဝတ်ကိုပြုကာ ပေါ့ပါးသော ပရိက္ခရာနှင့် ခေါင်းပါးသော အကျင့်ရှိလျက် သွားသင့်ပေသည်။

ထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်း၏ကျောင်းသို့ ဝင်မည့်ရဟန်းသည် လာခဲ့ရာ လမ်းခရီးကြား၌ ဒန်ပူ(သွားကြားထိုးတံ)ကို ပြုစေပြီးလျှင် ဆောင်ယူခဲ့ပြီး ဝင်သင့်၏။ တခဏမျှ အမောဖြေပြီးလျှင် ခြေထောက်ကို ဆေးကြောခြင်း၊ ဆီလိမ်းခြင်းစသည်ကို ပြုပြီးမှ ဆရာ့ထံသို့ သွားမည်ဟု ရည်ရွယ်ကာ အခြားကျောင်းသို့ မဝင်သင့်။ အဘယ့်ကြောင့်နည်း? အကယ်၍ ထိုကျောင်း၌ တရားအားထုတ်မည့် ရဟန်း၏ ကမ္မဋ္ဌာန်းဆရာနှင့် သဘောမတိုက်ဆိုင်သော ရဟန်းတို့ရှိနေခဲ့ပါမူ ထိုရဟန်းတို့က လာခြင်းအကြောင်းကို မေးပြီးလျှင် ထိုကမ္မဋ္ဌာန်းဆရာ၏ ကျေးဇူးမဲ့ကိုပြ၍ "အကယ်၍ ဒီဆရာဆီလာရင်တော့ သင်တော့ ပျက်စီးလေပြီ"ဟု စိတ်မချမ်းသာမှုကို ဖြစ်စေလေရာ၏။ ယင်းသို့ဖြစ်စေခြင်းကြောင့် ကမ္မဋ္ဌာန်းဆရာဆီ မရောက်တော့ဘဲ ထိုကျောင်းမှပင်လျှင် ပြန်လှည့်၍ ထွက်ခဲ့လေရာ၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာ သီတင်းသုံးရာအရပ်ကို မေးမြန်း၍ ထိုဆရာရှိရာ ကျောင်းသို့သာလျှင် ဖြောင့်ဖြောင့်တန်းတန်း သွားသင့်ပေသည်။

ဆရာ့ထံ ချဉ်းကပ်ပုံ

အကယ်၍ ကမ္မဋ္ဌာန်းဆရာက မိမိအောက် ဝါငယ်လျှင် ဆရာ၏ သပိတ်သင်္ကန်း လှမ်းယူခြင်း စသည်တို့ကို ကမ္မဋ္ဌာန်းယူမည့် တပည့်က မသာယာသင့်ပေ။ အကယ်၍ ဆရာက ဝါကြီးလျှင် တပည့်က သွား၍ ရှိခိုးပြီးလျှင် ရပ်နေရမည်။ "ငါ့ရှင်… သပိတ်သင်္ကန်းကို ချထားပါ"ဟု ဆရာကပြောကြားလျှင် ချထားရမည်။ "ရေသောက်ပါ"ဟု ပြောလျှင် သောက်လိုက သောက်ပါ။ "ခြေဆေးပါ"ဟု ဆရာက ပြောလျှင် ခြေကို အလျင်စလို မဆေးသင့်ပေ။ အကယ်၍ ဆရာခပ်ထားသော ရေဖြစ်ပါမူ တပည့်က ခြေဆေးရန် မသင့်လျော်ပေ။ "ဆေးသာ ဆေးပါ ငါ့ရှင်၊ ငါခပ်ထားတဲ့ရေ မဟုတ်ပါဘူး၊ အခြားသူခပ်ထားတာပါ"ဟု ပြောလျှင် ဆရာမမြင်လောက်သော အကွယ်ရှိရာအရပ်၌ဖြစ်စေ၊ လွင်ပြင်၌ဖြစ်စေ၊ ကျောင်းစွန်၌ဖြစ်စေ ထိုင်၍ ခြေကို ဆေးသင့်၏။

အကယ်၍ ဆရာက ဆီကျဉ်တောက်ကို ယူခဲ့ပါမူ ထ၍ လက်နှစ်ဖက်တို့ဖြင့် ရိုသေစွာ ခံယူအပ်၏။ (အပြစ်ကား) ထိုသို့ မယူလျှင် ဤရဟန်းသည် ယခုကပင် အစပြု၍ အတူတကွ သုံးဆောင်ခြင်း (ဆက်ဆံခြင်း)ကို ပျက်စေ၏ဟု ယူဆကာ ဆရာ၏ စိတ်သည် တမျိုးတမည် ဖြစ်လေရာ၏။ ယူပြီးလျှင်လည်း ခြေတို့ကို စ၍ မလိမ်းသင့်။ (အပြစ်ကား) ထိုဆီသည် ဆရာ၏ ကိုယ်လိမ်းဆီဖြစ်ခဲ့သော် တပည့်၏ ခြေကိုလိမ်းခြင်းသည် မသင့်လျော်။ ထို့ကြောင့် ဦးခေါင်းကို ရှေးဦးစွာလိမ်းပြီးမှ ပခုံးစသည်ကို လိမ်းသင့်ပေသည်။ "ငါ့ရှင်… ဤဆီသည် ကိုယ်အင်္ဂါ အားလုံးအတွက် လိမ်းဖို့ဆောင်ထားတဲ့ ဆီပါ။ ခြေတို့

ကိုလည်း လိမ်းပါ”ဟု ဆရာက ခွင့်ပေးလျှင် အနည်းငယ်ကို ခေါင်း၌ ထည့်၍ ခြေတို့ကို လိမ်းကျံပြီးလျှင် “ဤဆီကျဉ်တောက်ကို ထားပါရစေ အရှင်ဘုရား”ဟု ခွင့်တောင်း၍ ဆရာက ခံယူလျှင် ပေးလိုက်ရမည်။

ရောက်ရောက်ခြင်း မတောင်းသင့်သေး။ ဝတ်ကို အရင်ဖြည့်သင့်...

ရောက်သောနေ့မှာပင် “တပည့်တော်အား ကမ္မဋ္ဌာန်းကို ပြတော်မူပါ အရှင်ဘုရား”ဟု မလျှောက်သင့်သေး။ နောက်တနေ့မှ စ၍ ဆရာအား လုပ်ကျွေးနေကျ တပည့်ရှိပါမူ ထိုသူထံ ခွင့်ပန်ပြီးလျှင် အာစရိယဝတ်ကို ပြုအပ်၏။ တောင်းပန်သော်လည်း လုပ်နေကျ တပည့်က အကယ်၍ ခွင့်မပေးလျှင် အခွင့်သာသောအခါ၌ ပြုအပ်၏။

အာစရိယဝတ်ကို ပြုသောရဟန်းသည် အငယ်,အလတ်,အကြီး ဖြစ်ကုန်သော ဒန်ပူ ၃-ချောင်းကို ဆက်ကပ်အပ်၏။ ရေနွေး-ရေအေး ၂-မျိုးသော မျက်နှာသစ်ရေကိုင်း၊ ချိုးရေကိုင်း စီမံထားအပ်၏။ ထိုစီမံထားသော ရေ၂-မျိုးမှ သုံးရက်ပတ်လုံး ဆရာသုံးဆောင်သော ရေမျိုးကိုသာလျှင် အမြဲ ဆက်ကပ်အပ်၏။ အအေး-အပူ သတ်မှတ်ခြင်းကို မပြုပဲ မည်သည့်ရေကိုမဆို သုံးဆောင်သောဆရာအား ရရာရေကို ကပ်အပ်၏။ များစွာ အကျယ်ပြောနေခြင်းဖြင့် အကျိုးမရှိပေ။

“ရဟန်းတို့... အနီးနေတပည့်သည် ဆရာ၌ ကောင်းစွာ ကျင့်အပ်၏။ ထိုအာစရိယဝတ်၌ ဤဆိုလတ့်သည်ကား ကောင်းစွာကျင့်ခြင်းတည်း။ အနီးနေတပည့်သည် စောစောထ၍ ဘိနပ်ချွတ်ပြီးလျှင် လက်ဝဲဘက် ပခုံးထက်၌ ကေသီကို စံပယ်တင်လျက် ဒန်ပူကို ကပ်ရမည်။ မျက်နှာသစ်ရေကို ကပ်ရ မည်။ နေရာခင်းရမည်။ ယာဂုရှိမူ ခွက်ကိုဆေး၍ ယာဂုကပ်ရမည်”

ဤသို့ စသည်ဖြင့် ခန္ဓကဝတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသော အာစရိယဝတ် အလုံးစုံကို ပြုအပ်၏။

ဤဆိုခဲ့သည့်အတိုင်း ဝတ်၏ပြည့်စုံခြင်းဖြင့် ဆရာကို နှစ်သက်အားရစေလျက် ထိုကမ္မဋ္ဌာန်းယူမည့်တပည့်သည် ညချမ်းအခါ၌ ဆရာကို ရှိခိုးပြီးလျှင် “သွားတော့”ဟု ဆရာက လွှတ်သောအခါကျမှ သွားရမည်။ “မည်သည့်အတွက်ကြောင့် လာရသနည်း”ဟု မေးသောအခါ လာရခြင်း၏ အကြောင်းကို လျှောက်ထားရမည်။ အကယ်၍ ဆရာကမေးခြင်း မရှိပဲ ဝတ်ပြုခြင်းကိုမူ သာယာလက်ခံနေငြားအံ့။

<u>၁ဝ-ရက်, ၁၅-ရက် လွန်လတ်သော</u> တခုသောနေ့၌ ပြန်လွှတ်သော်လည်း မသွားသေးပဲ လျှောက်ရန်ခွင့်တောင်း၍ လာခြင်းအကြောင်းကို လျှောက်ထားအပ်၏။ ထိုသို့မဟုတ် အချိန်မဲ့၌ သွား၍ “ဘာကိစ္စအတွက် လာသနည်း”ဟု မေးလျှင် လာခြင်းအကြောင်းကို လျှောက်ထားအပ်၏။ “နံနက်မှပင် လာခဲ့တော့”ဟု ပြောလျှင် နံနက်မှပင် သွားရမည်။

အကယ်၍ ထိုအချိန်၌ ထိုတပည့်ရဟန်း၏ သည်းခြေနာကမူလည်း ဝမ်းကို လောင်ငြားအံ့။ ပါစကဝမ်းမီး ညံ့ခြင်းကြောင့် အစာမူလည်း မကျေငြားအံ့။ အခြားသောရောဂါ တစုံတရာသည်မူလည်း နှိပ်စက်ငြားအံ့။ ထိုအနာရောဂါကို အမှန်အတိုင်း ဖေါ်ပြလျှောက်ထား၍ မိမိအား သင့်တော်သောအချိန်ကို လျှောက်ထားပြီးလျှင် ထိုအချိန်၌ ဆရာ့ထံ သွားရမည်။ အချိန်ပြောင်းရခြင်း၏ အကြောင်းကား အကျန်းမာ၍ မလျောက်ပတ်သောအချိန်၌ ကမ္မဋ္ဌာန်းကို ဟောအပ်သော်လည်း နှလုံးမသွင်းနိုင်ရာသောကြောင့်ပေတည်း။ ဤသည်ကား “ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်း ဆရာမြတ်သို့ ချဉ်းကပ်၍” ဟူသော စကားရပ်၌ အကျယ်ပေတည်း။

*******_/_*******

စရိုက်ကို အကျယ်ဖွင့်ပြခြင်း

ယခုအခါ "မိမိ၏ စရိုက်အားလျော်သော" ဟူသော စကားရပ်၌ **စရိုက်**ဟူသော စကား၏ အကျယ်ကို ပြဆိုပေအံ့။ "အဖြစ်များခြင်း"ဟူသော စရိုက်တို့သည်-

၁။ ရာဂအဖြစ်များခြင်း(ရာဂစရိုက်)၊

၂။ ဒေါသအဖြစ်များ ခြင်း(ဒေါသစရိုက်)၊

၃။ မောဟအဖြစ်များခြင်း(မောဟစရိုက်)၊

၄။ သဒ္ဓါအဖြစ်များခြင်း(သဒ္ဓါစရိုက်)၊

၅။ ပညာ အဖြစ်များခြင်း(ပညာစရိုက်)၊

၆။ ဝိတက်အဖြစ်များခြင်း(ဝိတက်စရိုက်) ဟူ၍ ၆-ပါး ဖြစ်ကုန်၏။

အချို့သောဆရာတို့သည်ကား ရာဂစသည်တို့၏ အချင်းချင်း ယှဉ်သောအားဖြင့် ရောနှောခြင်းနှင့်၊ တသန္တာန်တည်း၌ အကျုံးဝင်သောအားဖြင့် ပေါင်းဆုံးခြင်းတို့၏ အစွမ်းအားဖြင့် အခြားသော စရိုက် ၄-ပါး၊ သဒ္ဓါ,ပညာ,ဝိတက် တို့၏ အစွမ်းအားဖြင့် ထို့အတူ ၄-ပါး၊ ဤသို့အားဖြင့် ထို ၈-ပါးတို့နှင့်တကွ စရိုက် ၁၄-ပါး(၆+၄+၄)တို့ကို အလိုရှိကြကုန်၏။ ဤသို့ အကွဲအပြားကို ဆိုသည်ရှိသော် ရာဂစသည်တို့၏ သဒ္ဓါစသည်တို့နှင့် ရောနှောခြင်းကို ပြုလျှင် များစွာသော စရိုက်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် အကျဉ်းအားဖြင့် ၆-ပါးသာဖြစ်သော စရိုက်တို့ကို သိသင့်ပေသည်။

စရိုက်ဟူသည်-

စရိယာ = အဖြစ်များခြင်း၊ ပင်ကိုယ်ရင်းသဘော၊ ထူပြောလွန်ကဲခြင်းဟူသော ဤစကား ၃-ခု သည် အနက်အားဖြင့် တူ၏။ ထိုစရိုက်တို့၏အစွမ်းအားဖြင့် ပုဂ္ဂိုလ်တို့သည် ရာဂထူသော ပုဂ္ဂိုလ်၊ ဒေါသထူသောပုဂ္ဂိုလ်၊ မောဟထူသော ပုဂ္ဂိုလ်၊ သဒ္ဓါထူသော ပုဂ္ဂိုလ်၊ ပညာထူသော ပုဂ္ဂိုလ်၊ ဝိတက်ထူသော ပုဂ္ဂိုလ်ဟူ၍ ၆-ယောက်ဖြစ်သည်။

ရာဂနှင့် သဒ္ဓါ

ထို ၆-ယောက်တို့တွင် ရာဂထူသော ပုဂ္ဂိုလ်အား ကုသိုလ်ပြုသောအခါ၌ သဒ္ဓါအားကြီး၏။ အဘယ်ကြောင့်ဆိုသော် သဒ္ဓါသည် ရာဂနှင့် ဂုဏ်ခြင်းနီးသောကြောင့် ပေတည်း။

ထင်ရှားစေအံ့။ အကုသိုလ်အဖို့၌ ရာဂသည် စိုပြေညက်ညော၏။ အလွန်ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိပေ။ ထို့အတူ ကုသိုလ်အဖို့၌ သဒ္ဓါသည် စိုပြေညက်ညော၏။ အလွန်ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိပေ။ ရာဂသည် ဝတ္ထုကာမတို့ကို ရှာမှီးသကဲ့သို့ သဒ္ဓါသည် သီလစသော ဂုဏ်တို့ကို ရှာမှီး၏။ ရာဂသည် အကျိုးစီးပွါးမဲ့ ကို မစွန့်သကဲ့သို့ သဒ္ဓါသည် အကျိုးစီးပွါးကို မစွန့်ပေ။ ထို့ကြောင့် သဒ္ဓါအားကြီးသော ပုဂ္ဂိုလ်နှင့် သဘောတူ၏။

ဒေါသနှင့် ပညာ

ဒေါသအားကြီးသော ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်သောအခါ၌ ပညာအားကြီး၏။ အဘယ့်ကြောင့်ဆိုသော် ပညာသည် ဒေါသနှင့် ဂုဏ်ခြင်းနီးသောကြောင့်ပေတည်း။

ထင်ရှားစေအံ့။ အကုသိုလ်အဖို့၌ ဒေါသသည် အဆီအစေး မရှိသောကြောင့် မကပ်ငြိတတ်သကဲ့သို့ ကုသိုလ်အဖို့၌ ပညာသည် အဆီ အစေးမရှိသောကြောင့် မကပ်ငြိတတ်ပေ။ ဒေါသသည် မဟုတ်မမှန်သော်လည်း အပြစ်ကိုသာ ရှာတတ်သကဲ့သို့ ပညာသည် ဟုတ်မှန် သော သစ္စာရတို့၏ အပြစ်ကိုသာ ရှာတတ်၏။ ဒေါသသည် သတ္တဝါကို ရှောင်ကြဉ်သောအခြင်းအရာ အားဖြင့် ဖြစ်သကဲ့သို့

ပညာသည် သစ္စါရကို ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် ဖြစ်၏။ ထို့ကြောင့် ပညာအားကြီးသော ပုဂ္ဂိုလ်သည် ဒေါသအားကြီးသော ပုဂ္ဂိုလ်နှင့် သဘောတူ၏။

မောဟနှင့် မိစ္ဆာဝိတက်

မောဟအားကြီးသော ပုဂ္ဂိုလ်အား မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်သည်ရှိသော် များသောအားဖြင့် အဇ္ဈတ္တရာယ်ပြုတတ်သော မိစ္ဆာဝိတက်တို့ ဖြစ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် ဝိတက်သည် မောဟနှင့် လက္ခဏာချင်း နီးစပ်သောကြောင့်ပေတည်း။

ထင်ရှားစေအံ့။ မောဟသည် ထက်ဝန်းကျင်ရှုပ်ထွေးသောကြောင့် မတည်တံ့သကဲ့သို့ ဝိတက်သည် အာရုံအမျိုးမျိုးကို ကြံစည်တတ်သောကြောင့် မတည်တံ့ပေ။ မောဟသည် အာရုံ၌ မသက်ဝင်တတ်သောကြောင့် တုန်လှုပ်သကဲ့သို့ ဝိတက်သည် လျင်မြန်စွာ ကြံစည်တတ်သောကြောင့် တုန်လှုပ်၏။ ထို့ကြောင့် ဝိတက်အားကြီးသော ပုဂ္ဂိုလ်သည် မောဟအားကြီးသော ပုဂ္ဂိုလ်နှင့် သဘောတူ၏။

တဏှာ, မာန, ဒိဋ္ဌိ တို့ကား စရိုက်လော?

အခြားသောဆရာတို့က တဏှာ,မာန,ဒိဋ္ဌိ တို့၏ အစွမ်းအားဖြင့် အခြားသော စရိုက်၃-ပါးတို့ကိုလည်း မိန့်ဆိုကြကုန်၏။ ထို ၃-ပါးတို့တွင် တဏှာသည် ရာဂသာ ဖြစ်၏။ မာနသည်လည်း ထိုတဏှာနှင့် ယှဉ်ဖက်ဖြစ်၏။ ထို့ကြောင့် တဏှာ,မာန ၂-ပါးစုံသည် ရာဂစရိုက်ကို လွန်၍ မဖြစ်ကုန်။ ဒိဋ္ဌိသည် မောဟဟူသော အကြောင်းအရင်း ရှိသောကြောင့် ဒိဋ္ဌိစရိုက်သည် မောဟစရိုက်သို့ သက်ဝင်၏။

ထိုစရိုက်များ ဘာ့ကြောင့်ဖြစ်-

ထိုစရိုက်များ ဘာကြောင့်ဖြစ်သနည်း။ "ဤပုဂ္ဂိုလ်ကား ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်ကား ဒေါသစရိုက်ရှိသောပုဂ္ဂိုလ် စသည်တို့တွင် တစ်မျိုးမျိုးသော စရိုက်ရှိသောပုဂ္ဂိုလ်"ဟု အဘယ်သို့ သိရမည်နည်း? အဘယ်စရိုက်ရှိသောပုဂ္ဂိုလ်အား အဘယ်သို့သော ကျောင်း၊ ညောင်စောင်းစသည် သည် သင့်လျော်သနည်း? ဤကား အမေးပြဿနာတည်း။

အဖြေကား-

"ပထမဖြစ်သော ရာဂ ဒေါသ မောဟ စရိုက်သုံးပါးတို့သည် ရှေးဘဝက ပြုလုပ်ခဲ့သော အလေ့အကျက်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ပထဝီစသောဓာတ်နှင့် လေသလိပ်စသော ဒေါသဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏"ဟု ဝိမုတ္တိမဂ်ကျမ်း၌ အရှင်ဥပတိဿက ဆို၏။ (ကေစဝွေ ဝဒန္တိ)

ထိုဆရာအလိုမှာ ရှေးဘဝ၌ နှစ်သက်ဖွယ်အမှုအရာ များသောသူ၊ တင့်တယ်သော အမှုကို အပြုများသောသူသည် ရာဂစရိုက်ရှိသူဖြစ်၏။ နတ်ပြည်မှ စုတေ၍ လူ့လောက၌ လူဖြစ်လာသူသည်လည်း ရာဂစရိုက်များသူ ဖြစ်၏။ ရှေးဘဝ၌ သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ရန်မူခြင်းအမှု များသောသူသည် ဒေါသစရိုက်များသူ ဖြစ်၏။ ငရဲဘုံနှင့် နဂါးဘုံတို့မှ စုတေ၍ ဤလူ့လောက၌ လူဖြစ်လာသော သူသည်လည်း ဒေါသစရိုက်များသူ ဖြစ်၏။ ရှေးဘဝ၌ သေရည်အရက်သောက်သောသူသည်၄င်း၊ နာကြားခြင်း, မေးမြန်းခြင်း ချို့တဲ့သောသူသည်၄င်း မောဟစရိုက်များသူ ဖြစ်၏။ တိရစ္ဆာန်မျိုးမှ စုတေ၍ လူဖြစ်လာသောသူသည်လည်း မောဟစရိုက်များသူ ဖြစ်၏။

ဤသို့ ရာဂ ဒေါသ မောဟ စရိုက်သုံးမျိုးသည် ရှေးဘဝ၌ ပြုခဲ့သော အလေ့အကျက်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အချို့ဆရာတို့ ဆိုကြကုန်၏။

ဓာတ်နှင့် လေသလိပ်စသော ဒေါသကြောင့်ဖြစ်ပုံ

ပထဝီဓာတ်နှင့် အာပေါဓာတ်ဟူသော ဓာတ်၂-ပါး လွန်ကဲများပြားခြင်းကြောင့် ပုဂ္ဂိုလ်သည် မောဟစရိုက်ရှိသူဖြစ်၏။ တေဇောဓာတ်နှင့် ဝါယောဓာတ်ဟူသော ဓာတ်၂-ပါး လွန်ကဲခြင်းကြောင့် ပုဂ္ဂိုလ်သည် ဒေါသစရိုက်ရှိသူ ဖြစ်၏။ ဓာတ်၄-ပါးလုံး ညီမျှလျှင်ကား ရာဂစရိုက်ရှိသူ ဖြစ်၏။

လေသလိပ်စသော ဒေါသတို့တွင်လည်း သလိပ်ဒေါသ လွန်ကဲသူသည် ရာဂစရိုက် ရှိသူ ဖြစ်၏။ လေလွန်ကဲသူသည် မောဟစရိုက်ရှိသူ ဖြစ်၏။ တနည်းကား... သလိပ်လွန်ကဲသူသည် မောဟစရိုက်ရှိသူဖြစ်၏။ လေလွန်ကဲသူသည် ရာဂစရိုက်ရှိသူ ဖြစ်၏။

ဤသို့ ပထဝီစသော ဓာတ်နှင့် လေ သလိပ်စသော ဒေါသဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏ဟု ဆိုကြ၏။

စိစစ်ချက်

ထိုဆရာတို့ စကားရပ်ကို စိစစ်ရလျှင် ရှေးဘဝ၌ နှစ်သက်ဖွယ် အမှုအရာများသောသူ၊ တင့်တယ်သောအမှုကို အပြုများသောသူတို့သည်၄င်း၊ နတ်ပြည်မှ စုတေ၍ လူ့ဖြစ်လာသူသည်၄င်း၊ အားလုံးပင် ရာဂစရိုက်ရှိသူချည်း ဖြစ်လာကြသည် မဟုတ်ကုန်။ ဤမှ တပါးသော သူတို့သည်လည်း အားလုံးပင် ဒေါသစရိုက်ရှိသူ, မောဟစရိုက်ရှိသူချည်းသာ ဖြစ်လာကြသည် မဟုတ်ကုန်။

ထို့အတူ ဓာတ်တို့၏ ဆိုခဲ့တိုင်းသောနည်းဖြင့် လွန်ကဲများပြားခြင်း၏ ကိန်းသေမြဲခြင်းမည်သည် မရှိပေ။ လေသလိပ်စသော ဒေါသကို ကိန်းသေသတ်မှတ်ရာ၌လည်း ရာဂ,ဒေါသ ၂-ပါးကိုသာလျှင် ဆိုထားလေသည်။ ထို ၂-ပါးသည်လည်း ရှေ့နောက် ဆန့်ကျင်နေသည်သာလျှင်တည်း။

သဒ္ဓါစရိုက်စသည်တို့တွင်လည်း တစ်ခုသောစရိုက်မျှ၏သော်လည်း အကြောင်းရင်းကို ဆိုထားခြင်း မရှိသည်သာလျှင်တည်း။ ထို့ကြောင့် ထိုဆရာတို့၏ အဆိုအလုံးစုံသည် ပညာဖြင့် ပိုင်းခြား၍ ဆိုထားအပ်သော စကားမဟုတ်ပေ။

ရှေးအဋ္ဌကထာဆရာတို့ အယူဝါဒ

ထိုစရိုက်တို့၏ အကြောင်းအရင်းကို ဆိုရာ၌ ဤဆိုလတ္တံ့သည်ကား အဋ္ဌကထာဆရာတို့၏ အလိုသို့ အစဉ်လျောက်သဖြင့် ပြဆိုအပ်သော အဆုံးအဖြတ်ပေတည်း။ မှန်၏။ ဤဆိုလတ္တံ့သော စကားကို **ဥဿဒကိတ္တန-ခေါ်** များပြားလွန်ကဲသည်ကို ပြောကြားရာအခန်း၌ ဆရာတို့ မိန့်ဆိုခဲ့ပေသည်။

"ဤသတ္တဝါတို့သည် ရှေးဘဝ၌ဖြစ်ခဲ့သော ဟိတ်ဟူသော သတ်မှတ်ကြောင်း နိယာမဖြင့် လောဘလည်း ထူကုန်၏။ ဒေါသလည်း ထူကုန်၏။ မောဟလည်း ထူကုန်၏။ အလောဘလည်း ထူကုန်၏။ အဒေါသလည်း ထူကုန်၏။ အမောဟလည်း ထူကုန်၏။" (အဘိ၊ ဋ္ဌ၊ ၁၊ ၃၀၈။)

ဥဿဒကိတ္တနကို အကျယ်ရှင်းပြချက်

အကြင်သူအား ကံကို အားထုတ်ဆဲခဏ၌ လောဘအားကြီး၍ အလောဘ အားနည်း၏။ အဒေါသ အမောဟတို့ အားကြီး၍ ဒေါသ မောဟတို့ အားနည်းကုန်၏။ ထိုသူ၏ အားနည်းသော အလောဘသည် အားကြီးသော လောဘကို လွှမ်းမိုးခြင်းငှာ မစွမ်းနိုင်။ အဒေါသ အမောဟတို့သည်ကား အားကြီးကြသောကြောင့် အားနည်းသော ဒေါသ မောဟတို့ကို လွှမ်းမိုးခြင်းငှာ စွမ်းနိုင်ကုန်၏။

ထို့ကြောင့် ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော လောဘကြီး၏။ ကိုယ်နှုတ်စိတ် ပြေပြစ်၏။ အမျက်ထွက်လေ့ မရှိ။ ပညာ ကြီး၏။ စိန်သွားကဲ့သို့ ထက်မြက်သော ဉာဏ်ရှိ၏။ (၁)

အကြင်သူအား ကံကို အားထုတ်ဆဲခဏ၌ လောဘ ဒေါသတို့ အားကြီး၍ အလောဘ အဒေါသတို့ အားနည်းကုန်၏။ အမောဟ အားကြီး၍ မောဟ နည်း၏။ ထိုသူသည် ရှေးနည်းဖြင့်ပင်လျှင် ထိုကံက ပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော လောဘ အားကြီး၏။ ဒေါသလည်း အားကြီး၏။ သို့သော်လည်း **ဒတ္တာဘယမထေရ်**ကဲ့သို့ ပညာကြီး၍ စိန်သွားကဲ့သို့ ထက်မြက်သော ဉာဏ်ပညာမူကား ရှိပေသည်။ (၂)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ လောဘ ဒေါသ မောဟ အားကြီး၍ အလောဘ အဒေါသ အမောဟ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့်ဖြစ်လတ်သော လောဘကြီး၏။ ပညာဉာဏ်ထိုင်း၏။ သို့သော်လည်း ကိုယ်နှုတ်စိတ် အမူအရာ ပြေပြစ်၏။ အမျက်ထွက်လေ့မရှိ။ ဗာကုလမထေရ်နှင့် အလားတူ၏။ (၃)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ လောဘ ဒေါသ မောဟတို့ သုံးပါးလုံး အားကြီး၍ အလောဘ အဒေါသ အမောဟတို့ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော လောဘကြီး၏။ ဒေါသလည်း ကြီး၏။ တွေလည်း တွေဝေ၏။ (၄)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ အလောဘ ဒေါသ မောဟ တို့အားကြီး၍ လောဘ အဒေါသ အမောဟတို့ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော် လောဘနည်း၏။ ကိလေသာနည်း၏။ နတ်၌ဖြစ်သော အာရုံကိုသော်လည်း မြင်ရ၍ တုန်လှုပ်ခြင်း မရှိပေ။ သို့သော်လည်း ဒေါသလည်း ကြီး၍၊ ဉာဏ်ပညာလည်း ထုံထိုင်း၏။ (၁)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ အလောဘ အဒေါသ မောဟတို့ အားကြီး၍ လောဘ ဒေါသ အမောဟတို့ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော် လောဘလည်း မကြီးပေ၊ ဒေါသလည်း မကြီးပေ။ ကိုယ် နှုတ် စိတ် အမူအရာလည်း ပြေပြစ်၏။ သို့ရာတွင် ဉာဏ်ပညာကာ ထုံထိုင်း၏။ (၂)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ အလောဘ ဒေါသ အမောဟတို့ အားကြီးကုန်၍ လောဘ အဒေါသ မောဟတို့ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော် လောဘနည်း၏။ ပညာကြီး၏။ သို့ရာတွင် ဒေါသကြီး၍ အမျက်ထွက်လေ့ ရှိ၏။ (၃)

အကြင်သူအား ကံကိုအားထုတ်ဆဲ ခဏ၌ အလောဘ အဒေါသ အမောဟတို့ ၃-ပါးလုံး အားကြီး၍ လောဘ ဒေါသ မောဟတို့ အားနည်းကုန်၏။ ထိုသူသည် ထိုကံကပေးသော ပဋိသန္ဓေဖြင့် ဖြစ်လတ်သော် လောဘ ဒေါသ မကြီးမူ၍ ပညာကြီး၏။ မဟာသံဃရက္ခိတမထေရ်နှင့် အလားတူသော ပုဂ္ဂိုလ်ပေတည်း။ (၄)

ဤဆိုခဲ့ပြီးသော ဥဿဒကိတ္တန စကားရပ်၌ လောဘကြီးသူ-ဟု ဆိုရသော ပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူပေတည်း။ ဒေါသကြီးသူ, ဉာဏ်ပညာ ထုံထိုင်းသူတို့သည် အစဉ်အတိုင်း ဒေါသစရိုက်ရှိသူ မောဟစရိုက်ရှိသူ တို့ပေတည်း။ ပညာကြီးသူသည် ဗုဒ္ဓိစရိုက် ရှိသူပေတည်း။ လောဘ မကြီးသူ, ဒေါသ မကြီးသူတို့သည် ကြည်လင်ခြင်း ပင်ကိုယ် သဘောရှိသောကြောင့် သဒ္ဓါစရိုက် ရှိသူတို့ပေတည်း။

တနည်းဆိုရလျှင် အမောဟခြံရံသောကံကြောင့် ဖြစ်သူသည် ဗုဒ္ဓိစရိုက်ရှိသူကဲ့သို့၊ အားကြီးသော သဒ္ဓါခြံရံသောကံကြောင့် ဖြစ်သူသည် သဒ္ဓါစရိုက်ရှိ၏။ ကာမဝိတက်စသည် ခြံရံသောကံကြောင့် ဖြစ်သူသည် ဝိတက်စရိုက်ရှိ၏။ လောဘစသည်နှင့် ရောနှောသော အခြံအရံရှိသောကံကြောင့် ဖြစ်သူသည် ရောနှောသော စရိုက်ရှိ၏။

ဤဆိုခဲ့ပြီးသည့်အတိုင်း လောဘစသည်တို့တွင် တပါးပါးခြံရံသော ပဋိသန္ဓေကို ဖြစ်စေသောကံသည် စရိုက်တို့၏ အကြောင်းရင်းဖြစ်သည်-ဟု သိအပ်ပေ၏။

&&&&&&&&&&

မည်သည့်စရိုက်ရှိကြောင်း သိနိုင်ပုံ

"ဤပုဂ္ဂိုလ်ကား ရာဂစရိုက်ရှိသောပုဂ္ဂိုလ်-ဟု ဘယ်လို သိနိုင်သနည်း?" ဟူသော မေးခွန်း၌ ဤဆိုလတ္တံ့သည်ကား သိနိုင်ကြောင်း နည်းပေတည်း။

ဣရိယာပုတ်အားဖြင့်၎င်း၊ ကိစ္စအားဖြင့်၎င်း၊ ဘောဇဉ်အားဖြင့်၎င်း၊ ကြည့်ရှုခြင်း စသည်အားဖြင့်၎င်း၊ မာယာ သာဌေယျ စသော တရားတို့၏ ဖြစ်ခြင်းအားဖြင့်၎င်း စရိုက်တို့ကို ပြရာ၏။ ဤကား သိကြောင်းပေတည်း။

(ဆောင်) ဣရိယာပုထ်၊ ပြုလုပ် မူရာ၊ ဘောဇနာနှင့်၊ ကြည့်ကာ ရှုပုံ၊ စိတ်ဖြစ်စုံ၊ ငါးဖုံ စရိုက်ဖြစ်ကြောင်းတည်း။

၁။ဣရိယာပုထ်ဖြင့် စရိုက်ကို သိနိုင်ပုံ

သွားပုံ

ရာဂစရိုက်ရှိသူသည် ပကတိသွားနေကျဖြင့် သွားလျှင် တင့်တယ်စွာ သွား၏။ ညီညီ ညာညာ ချ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည်လည်း အလယ်၌ ခုံး၏။

ဒေါသစရိုက်ရှိသသည် ခြေဖျားတို့ဖြင့် မြေကို တူးသကဲ့သို့ သွား၏။ ခြေကို ကတိုက်ကရိုက် ချ၏။ ကတိုက်ကရိုက် ကြွ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည် နောက်ဖက်သို့ ဆွဲငင်ထား၏။

မောဟစရိုက်ရှိသူသည် ထက်ဝန်းကျင် ဖည်ယမ်း ဖည်ယမ်း သွားခြင်းဖြင့် သွား၏။ ခြေကို ရွံ့သကဲ့သို ချ၏။ ရွံ့သကဲ့သို့ ကြွ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည် အလျင်စလို ဖိနင်းထားသော ခြေရာဖြစ်၏။

မာဂဏ္ဍီယသုတ်၏ အဋ္ဌုပ္ပတ်၌လည်း-

> "ရာဂများသောသူ၏ ခြေရာသည် အလယ်၌ ခုံး၏။ ဒေါသများသောသူ၏ ခြေရာသည် နောက်ဖက်သို့ ဆွဲငင်ထား၏။ မောဟများသောသူ၏ ခြေရာသည် အလျင်စလို ဖိနင်းထားသော ခြေရာဖြစ်၏။ ဤကဲ့သို့ ညီညီညာညာ ကောင်းစွာထိခြင်း သဘောရှိသော ဤခြေရာသည် ကိလေသာဟူသော အမိုးကို ဖွင့်လှစ်ပြီးသောသူ၏ ခြေရာပေတည်း" ဟူသော ဤစကားရပ်ကို

ဆိုထားပေသည်။

ရပ်ပုံ ထိုင်ပုံ အိပ်ပုံ

ရာဂစရိုက်ရှိသောသူ၏ ရပ်ခြင်းသည် ကြည်ညိုဖွယ်ကို ဆောင်၏။ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ် အခြင်းအရာ ရှိ၏။ ဒေါသစရိုက်ရှိသူ၏ ရပ်ခြင်းသည် တောင့်ခိုင်သော အခြင်းအရာ ရှိ၏။

မောဟစရိုက်ရှိသူ၏ ရပ်ခြင်းသည် မသေမသပ် ရှုပ်ထွေးသော အခြင်းအရာ ရှိ၏။ ထိုင်ခြင်းသည်လည်း ဤနည်းပင်တည်း။

ရာဂစရိုက်ရှိသောသူသည် ဖြည်းဖြည်းသက်သာ ညီညီညာညာ အိပ်ရာကို ခင်းပြီးလျှင် ဖြည်းညှင်းစွာ လည်းလျောင်း၍ ကိုယ်အင်္ဂါတို့ကို သေသေသပ်သပ်ထားလျက် ကြည်ညိုဖွယ်ကိုဆောင်သော အခြင်းအရာဖြင့် အိပ်၏။ အိပ်ရာမှ ထလျင်လည်း အလျင်အမြန်မထဘဲ ရွံ့ရာစိုးရိမ်သကဲ့သို့ ဖြည်းညှင်းသက်သာ စကားတုံ့ ပေး၏။

ဒေါသစရိုက်ရှိသောသူသည် အိပ်ရာကို အလျင်စလို ဖြစ်ကတတ်ဆန်း ခင်းပြီးလျှင် ကိုယ်ကို ပစ်ချလျက် မျက်မှောင်ကြုတ်၍ အိပ်တတ်၏။ အိပ်ရာမှ ထလျှင်လည်း လျင်မြန်စွာထ၍ အမျက်ထွက်သကဲ့သို့ စကားတုံ့ပေးတတ်၏။

မောဟစရိုက်ရှိသောသူသည် မတင့်မတယ် အိပ်ရာကို မသပ်မယပ် ခင်းပြီးလျှင် ကိုယ်အင်္ဂါကြီးငယ်ကို ဖရိုဖရဲတွဲလျက် များသောအားဖြင့် မှောက်ခုံအိပ်တတ်၏။ အိပ်ရာမှ ထလျှင်လည်း ဟုန်းဟုန်း ဟင်းဟင်း ဟူသော ညဉ်းညူသံကိုပြုလျက် လေးလံစွာ ထတတ်၏။

သဒ္ဓါစရိုက်ရှိသောသူ စသည်တို့ကား ရာဂစရိုက်ရှိသောသူ စသည်တို့နှင့် သဘောတူသော ဣရိယာပုထ်ရှိတတ်ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ဣရိယာပုထ်ဖြင့် စရိုက်ကို ပြရာ၏။

ဤတွင် စကားတစ်ရပ်ပြီး၏။

၂။ပြုလုပ်ပုံ ကိစ္စအားဖြင့် စရိုက်ကို သိနိုင်ပုံ

လုပ်ပုံကြည့် သိ

တံမြက်လှည်းခြင်းစသော အလုပ်ကိစ္စတို့၌ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်သည် တံမြက်စည်းကို ကောင်းစွာကိုင်၍ ဖြည်းဖြည်းသက်သာ သဲကို ဖရိုဖရဲ မပြန့်ကြဲစေပဲ ရေအုန်းနဲပန်းကို ဖြန့်ခင်းသကဲ့သို့ ပြောင်စင်စွာ ညီညီညာညာ လှည်းတတ်၏။ ဒေါသစရိုက်ရှိသောသူသည် တံမြက်စည်းကို မြဲမြံစွာကိုင်လျက် ဝဲယာနစ်ဖက်၌ သဲကို ဖယ်ရှားလျက် ပြင်းထန်သောအသံဖြင့် မပြောင်မစင် မညီမညွတ် အလျင်စလို လှည်းတတ်၏။ မောဟစရိုက်ရှိသောသူသည် တံမြက်စည်းကို လျော့လျော့ကိုင်လျက် အပြန်ပြန်အလှန်လှန် မွှေနှောက်ရှုပ်ထွေးစေလျက် မပြောင်မစင် မညီမညွတ် လှည်းတတ်၏။

ထို့ပြင် ရာဂစရိုက်ရှိသောသူသည် တံမြက်စည်းလှည်းခြင်း၌ကဲ့သိုပင် သင်္ကန်းလျော်ခြင်း ဆိုးခြင်းအစရှိသော ကိစ္စအားလုံးတို့၌လည်း သိမ်သိမ်မွေ့မွေ့ သပ်သပ်ယပ်ယပ် ရှိရှိသေသေ ပြုလုပ်လေ့ရှိ၏။ ဒေါသစရိုက်ရှိသူသည် မြဲမြဲမြံမြံ ကြမ်းကြမ်းတမ်းတမ်း မညီမညာ ပြုလုပ်လေ့ရှိ၏။ မောဟစရိုက်ရှိသောသူသည် မသိမ်မမွေ့ ရှုပ်ရှုပ်ထွေးထွေး မညီမညာ မပြတ်မသား ပြုလုပ်လေ့ရှိ၏။

ထို့ပြင် ရာဂစရိုက်ရှိသောသူ၏ သင်္ကန်းကိုင်ခြင်းသည်လည်း မလျော့လွန်း မတင်းလွန်းပဲ အဝန်းညီသည်ဖြစ်၍ ကြည်ညိုဖွယ်ကို ဆောင်၏။ ဒေါသစရိုက်ရှိသူ၏ သင်္ကန်းကိုင်ခြင်းသည် အလွန်တင်းလွန်း၏။ အဝန်းလည်း မညီပေ။ မောဟစရိုက်ရှိသူ၏ သင်္ကန်းကိုင်ခြင်းသည် လျော့လျည်း၏။ ရှုပ်လည်း ရှုပ်ထွေး၏။

သဒ္ဓါစရိုက်ရှိသောသူ စသည်တို့ကို ထိုရာဂစရိုက်ရှိသောသူ စသည်တို့၏ အပြုအမူသို့ အစဉ်လိုက်သဖြင့်သာလျှင် သိအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုရာဂစရိုက်ရှိသောသူတို့နှင့် သဘောတူသောကြောင့်တည်း။ ဤဆိုခဲ့သည့်အတိုင်း ပြုလုပ်ပုံကိစ္စအားဖြင့် စရိုက်တို့ကို ပြရာ၏။

ဤတွင် စကားတစ်ရပ် ပြီး၏။

၃။ဘောဇဉ်အားဖြင့် စရိုက်ကို သိနိုင်ပုံ

သူတို့ အကြိုက်

ရာဂစရိုက်ရှိသူသည် နူးညံ့သိမ်မွေ့သော ဘောဇဉ်၊ ချိုမြိန်ကောင်းမြတ်သော ဘောဇဉ်ကို ကြိုက်တတ်၏။ စားသောအခါ၌လည်း မကြီးလွန်းပဲ အဝန်းညီသော ဆွမ်းလုပ်ကိုပြု၍ အရသာခံကာ ဖြည်းညှင်းသက်သာ စားတတ်၏။ ချိုမြန်သော စားဖွယ်တစ်စုံတစ်ခုကို ရလျှင် ရွှင်လန်းဝမ်းမြောက်တတ်၏။

ဒေါသစရိုက်ရှိသူသည် ကြမ်းတမ်းသောဘောဇဉ်၊ ချဉ်သောဘောဇဉ်တို့ကို ကြိုက်တတ် ၏။ စားသောအခါ၌လည်း ခံတွင်းပြည့်အောင် ဆွမ်းလုပ်ကိုပြု၍ အရသာမခံပဲ အလျင်စလို စားတတ်၏။ အရသာမကောင်းသောစားဖွယ် တစ်စုံတစ်ခုကိုရလျှင် စိတ်မချမ်းမသာ ဖြစ်တတ်၏။

မောဟစရိုက်ရှိသူသည် အစားအစာ ကြိုက်နှစ်သက်မှု၌ ကိန်းသေသတ်မှတ်မှု မရှိပေ။ စားသောအခါ၌ညလည်း အဝန်းမညီသော သေးငယ်သော ဆွမ်းလုပ်ကိုပြု၍ စားခွက်၌ ဆွမ်းလုံးတို့ကို ပြန့်ကြဲစေလျက် နှုတ်ခမ်းကို လူးပေစေလျက် ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ ထိုထိုအာရုံကို ကြံတွေးလျက် စားတတ်၏။

သဒ္ဓါစရိုက်ရှိသောသူ စသည်တို့ကိုလည်း ထိုရာဂစရိုက်ရှိသောသူ စသည်တို့နှင့် အပြုအမူ အားဖြင့် သဘောတူကြ၏။ ဤဆိုခဲ့ပြီးသည့်အတိုင်း ဘောဇဉ်အားဖြင့် စရိုက်တို့ကို သိရာ၏။

ဤတွင် စကားတစ်ရပ် ပြီး၏။

၄။ကြည့်ရှုပုံစသည်အားဖြင့် စရိုက်ကို သိနိုင်ပုံ

ကိုယ်ကြိုက်ရာ ကိုယ်ကြည့်

ရာဂစရိုက်ရှိသောသူသည် နှစ်သက်ဖွယ်ရာ အနည်းငယ်သာရှိသော အဆင်းကို မြင်လျှင် တောင်မှ အံ့ဩသကဲ့သို့ ကြာမြင့်စွာ ကြည့်တတ်၏။ ဂုဏ်အနည်းမျှ၌သော်လည်း ငြိကပ်တတ်၏။ ဟုတ်မှန်သော အပြစ်ကိုသော်လည်း မယူတတ်။ ဖဲခွါသွားသောအခါ၌လည်း မလွှတ်လို မခွါလိုပဲ သာလျှင် နောက်ပြန်တလှဲ့လှဲ့ ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ ဖဲခွါတတ်၏။

ဒေါသစရိုက်ရှိသောသူသည် အနည်းငယ်မျှ ရွံမုန်းစက်ဆုပ်ဖွယ်ရာဖြစ်သော အဆင်းကို မြင်လျှင်တောင်မှ ပင်ပန်းသော သဘောရှိသကဲ့သို့ ကြာမြင့်စွာ မကြည့်တတ်။ အပြစ်အနည်းငယ် မျှ၌သော်လည်း အမျက်ထွက်တတ်၏။ ဟုတ်မှန်သောဂုဏ်ကိုသော်လည်း မယူတတ်။ ဖဲခွါသော အခါ၌လည်း လွှတ်လို ခွါလိုသည်ဖြစ်၍သာလျှင် မငဲ့ကွက်ပဲ ဖဲခွါတတ်၏။

မောဟစရိုက်ရှိသောသူသည် တစ်စုံတစ်ခုသော အဆင်းကို မြင်သည်ရှိသော် သူတစ်ပါးကို ပုံ၍ ယုံတတ်၏။ သူတပါးကဲ့ရဲ့သံကြားလျှင် ကဲ့ရဲ့တတ်၏။ ချီးမွမ်းသံကြားလျှင် ချီးမွမ်းတတ်၏။ မိမိ ကိုယ်တိုင်မှာမူ မသိခြင်းကြောင့်ဖြစ်သော လျစ်လျူရှုခြင်းဖြင့် လျစ်လျူရှုလျက်သာ နေတတ်၏။ အသံကြားရာ စသည်တို့၌လည်း ဤနည်းပင်တည်း။

သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ် စသည်တို့ကား ထိုရာဂစရိုက်ရှိသောသူ စသည်တို့နှင့် တူသော သဘောရှိ၏။ ဤဆိုခဲ့ပြီးသည့်အတိုင်း ကြည့်ရှုပုံစသည်အားဖြင့် စရိုက်တို့ကို သိအပ်၏။

ဤတွင် စကားတစ်ရပ် ပြီး၏။

၅။တရားတို့၏ ဖြစ်ခြင်းသဘောအားဖြင့် စရိုက်ကို သိနိုင်ပုံ

အတွင်းခါတ်ခံအလိုက်

ရာဂစရိုက်ရှိသောသူအား မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း မာယာ၊ မိမိ၌မရှိသော ဂုဏ်ကို ဖော်ပြလျက် စဉ်းလဲခြင်း သာဌေယျ၊ မြင့်မောက်တက်ကြွခြင်း မာန၊ အလိုဆိုးရှိခြင်း ပါပိစ္ဆတာ၊ အလိုကြီးခြင်း မဟိစ္ဆတာ၊ မရောင့်ရဲခြင်း အသန္တုဋ္ဌိတာ၊ ဦးချိုသဖွယ် စံပယ်ကြောင်း ကိလေသာဟူသော သိင်္ဂ၊ လျှပ်ပေါ်ခြင်း စာပလျ၊ ဤသို့စသော အကုသိုလ်တရားတို့ အဖြစ်များကုန်၏။

ဒေါသစရိုက်ရှိသောသူအား အမျက်ထွက်ခြင်း ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ဂုဏ်ရည်သာသူကို တုပြိုင်ခြင်း ပဠာသ၊ မနာလိုခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ ဤသို့စသော အကုသိုလ်တရားတို့ အဖြစ်များကုန်၏။

မောဟစရိုက်ရှိသောသူအား စိတ်၏ထိုင်းမှိုင်းခြင်း ထိန၊ စေတသိက်ထိုင်းမှိုင်းခြင်း မိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တပူပန်ခြင်း ကုက္ကုစ္စ၊ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ မသင့်သောအားဖြင့် မြဲမြံစွာယူခြင်း အာဓာနဂ္ဂါဟ၊ မိမိအယူမှားကို စွန့်လွှတ်နိုင်ခဲခြင်း ဒုပ္ပဋိနိဿဂ္ဂိတာ၊ ဤသို့စသော အကုသိုလ်တရားတို့ အဖြစ်များကုန်၏။

သဒ္ဓါစရိုက်ရှိသောသူအား လွတ်လွတ်ပေးကမ်းစွန့်ကြဲခြင်း၊ အရိယာတို့ကို ဖူးမြင်လိုခြင်း၊ သူတော်ကောင်းတရား နာကြားလိုခြင်း၊ ရွှင်လန်းဝမ်းမြောက်မှုများခြင်း၊ မစဉ်းလဲခြင်း၊ မလှည့်ပတ်ခြင်း၊ ကြည်ညိုဖွယ်ကိုဆောင်သော ရတနာသုံးပါးတို့၌ ကြည်ညိုခြင်း၊ ဤသို့စသော ကုသိုလ်တရားတို့ အဖြစ်များကုန်၏။

ဗုဒ္ဓိစရိုက်ရှိသောသူအား ဆိုဆုံးမလွယ်ခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ နိုးကြားမှု၌ မပြတ်အားထုတ်ခြင်း၊ ထိတ်လန့်ဖွယ်ဖြစ်သော ဇာတိစသောအရာတို့၌ ထိတ်လန့်ခြင်း၊ ထိတ်လန့်သောသူ၏ နည်းမှန်လမ်းမှန်အားဖြင့် အားထုတ်ခြင်း၊ ဤသို့စသော ကုသိုလ်တရားတို့ အဖြစ်များကုန်၏။

ဝိတက်စရိုက်ရှိသောသူအား စကားများခြင်း၊ အပေါင်းအဖေါ်၌ မွေ့လျော်ခြင်း၊ ကုသိုလ်အားထုတ်မှု၌ မမွေ့လျော်ခြင်း၊ စိတ်မတည်တံ့ခြင်း၊ ညဉ့်အခါ၌ နောက်နေ့ပြုလုပ်ရမည့် ကိစ္စများကို ကြံစည်စဉ်းစားခြင်းဟူသော အခိုးလွှတ်ခြင်း၊ နေ့အခါ၌ ညက ကြံစည်ထားသည့်ကိစ္စများကို အားထုတ်ခြင်းဟူသော အလျှံလွှတ်ခြင်း၊ အာရုံအမျိုးမျိုးသို့ စိတ်ကိုလွှတ်ပေးခြင်း၊ ဤသို့စသော အကုသိုလ်တရားတို့ အဖြစ်များကုန်၏။

ဤဆိုခဲ့သည်အတိုင်း မာယာ, သာဌေယျ စသောတရားတို့၏ ဖြစ်ခြင်းအားဖြင့် စရိုက်တို့ကို သိနိုင်၏။ ဤတွင် စကားတစ်ရပ်ပြီး၏။

ဆရာတို့ အယူဝါဒ သက်သက်သာ

ဤဆိုပြီးသည့်အတိုင်း ဣရိယာပုထ်စသည်အားဖြင့် စရိုက်တို့ကို ပြဆိုရာ၏-ဟု ဆိုသော်လည်း ဤစရိုက်တို့ကို ပြခြင်းအစီအရင်သည် ပါဠိတော်၌ လုံးဝပင် မလာပေ။ အဋ္ဌကထာ၌လည်း မလာပေ။ ပါဠိတော် အဋ္ဌကထာမဖက် သက်သက်သော ဆရာတို့၏ အယူအဆကို အစဉ်လိုက်သဖြင့် ဤစရိုက်တို့ကို ပြခြင်းအစီအရင်ကို ဆိုထားပေသည်။ ထို့ကြောင့် အနစ်သာရအားဖြင့် မယုံကြည်အပ်ပေ။

အကြောင်းကား ရာဂစရိုက်ရှိသောသူနှင့် ဆိုင်သည်ဟုဆိုခဲ့သော ဣရိယာပုထ် စသည်တို့ကို ဒေါသစရိုက်ရှိသောသူ စသည်တို့သည်လည်း မမေ့မလျော့သတိပြု၍ နေကြပါမူ ပြုခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို့ပြင် ရာဂ-ဒေါသစသည် ရောနှောသောစရိုက်ရှိသော ပုဂ္ဂိုလ်တစ်ဦးတည်းမှာပင် လက္ခဏာကွဲပြား

သော ဣရိယာပုထ်စသည်တို့သည် မရှိသင့်ကုန်။ ထိုအကြောင်း ၂-ပါးကြောင့်ပင်တည်း။ စင်စစ် သော်ကား အဋ္ဌကထာတို့၌ ဆိုထားသော စရိုက်တို့ကိုပြခြင်း အစီအရင်ကိုသာလျှင် အနှစ်သာရ အားဖြင့် ယုံကြည်အပ်ပေသည်။

မှန်၏။ "စေတောပရိယဉာဏ်ကို မရသောဆရာသည် တပည့်ကို မေးအပ်၏" ဟု အဋ္ဌကထာ ဆရာတို့ ဆိုထားပေသည်။ ထို့ကြောင့် စေတောပရိယဉာဏ်ဖြင့်ဖြစ်စေ၊ ကမ္မဋ္ဌာန်းယူမည့် ထိုပုဂ္ဂိုလ်ကို မေး၍ဖြစ်စေ "ဤပုဂ္ဂိုလ်ကား ရာဂစရိုက်ရှိသူတည်း၊ ဤပုဂ္ဂိုလ်ကား ဒေါသစသည်တို့တွင် တစ်မျိုးမျိုးသော စရိုက်ရှိသူတည်း"ဟု သိအပ်၏။

XXXXXXXXXXX

စရိုက်နှင့် ကျောင်းစသည် ဝေဘန်ချက်

ရာဂစရိုက်ရှိသူအတွက်

"မည်သည့်စရိုက်ရှိသောသူအား မည်သည့်ကျောင်း ညောင်စောင်းစသည်သည် သင့်လျော် သနည်း"ဟူသော ဤစကားရပ်၌ ရှေးဦးစွာ ကျောင်းကို ပြဆိုပါမည်။

ရာဂစရိုက်ရှိသောသူအား သင့်လျော်သောကျောင်းမှာ "ညစ်ပေသော ဝရံတာရှိသောကျောင်း၊ ပြေပြင်တထပ်တည်းသာ ရှိသောကျောင်း၊ နံရံကို ပြုပြင်မထားသော တောင်ဝှမ်း၊ မြက်မိုးကျောင်း၊ ဖက်မိုး ဖက်ကာကျောင်း" စသည်တို့တွင် တစ်မျိုးမျိုးသောကျောင်းဖြစ်သည့်ပြင်၊ ယင်းကျောင်းသည် ဖုန်မှုန့်လည်းရှိ၏။ လင်းနို့များလည်း ရှိ၏။ နိမ့်လွန်းသည်မှုလည်း ဖြစ်၏။ ခြောက်သွေ့ယောင်း ကြမ်း တမ်းသော မြေအဖို့လည်း ရှိ၏။ ခြင်္သေ့ကျား စသည်တို့ဖြင့် ရွံရှာဖွယ်လည်း ရှိ၏။ မသန့်ရှင်း မညီညွတ် သော လမ်းလည်းရှိ၏။ ယင်းကျောင်း၌ ကြမ်းပိုးများပြည့်လျက် မလှမပ ပုံပန်းမကျသော ညောင်စောင်း အင်းပျဉ်လည်း ရှိ၏။ ယင်းကျောင်းကိုကြည့်သောသူအား မြင်ရုံမျှဖြင့်ပင် စက်ဆုပ်ရွံရှာဖွယ်လည်း ဖြစ်၏။ ဤသို့သောကျောင်းသည် ရာဂစရိုက်ရှိသောသူအား သင့်လျော်၏။

သင်္ကန်းမှာ အနားစုတ်ပြတ် ဖယိုဖရဲ တွဲရရွဲကျသော ချည်တို့ဖြင့် ရှုပ်ထွေးသောသင်္ကန်း၊ ကွန်ယက်ကဲ့သို့ အပေါက်အပေါက် ရှိသောသင်္ကန်း၊ သံရိုက်ထားသော အင်းပျဉ်ကဲ့သို့ အတွေ့ကြမ်း တမ်းသော သင်္ကန်း၊ ညစ်နွမ်းလေးလံသော သင်္ကန်း၊ မကြာခဏချုပ်ရ၍ လေးလံသဖြင့် ပင်ပန်းဆင်းရဲ စွာ ဆောင်ရသောသင်္ကန်း၊ ဤသို့သောသင်္ကန်းသည် ရာဂစရိုက်ရှိသောသူအား သင့်တော်၏။

သပိတ်သည်လည်း အဆင်းပျက်သော မြေသပိတ်ဖြစ်စေ၊ အဖုအထေး အဖုအထစ်တို့ဖြင့် မတင့်တယ်သော လေးလံလျက် ပုံပန်းပျက်သော လူဦးခေါင်းခွံနှင့်တူ၍ စက်ဆုပ်ဖွယ်ဖြစ်သော သံသပိတ်ဖြစ်စေ သင့်လျော်၏။

ဆွမ်းခံလမ်းသည်လည်း နှစ်သက်ဖွယ်မရှိသော ရွာနှင့်မနီးသော မညီမညွတ်သော လမ်းဖြစ်မှု သင့်လျော်၏။ ဆွမ်းခံရွာသည်လည်း အကြင်ရွာ၌ လူတို့သည် ဆွမ်းခံရဟန်းကို မမြင်ကုန်သကဲ့သို့ သွား လာကုန်၏။ ယင်းရွာဝယ် တစ်အိမ်တည်း၌သော်လည်း ဆွမ်းမရ၍ ထွက်လာသောရဟန်းကို "အရှင်-ဘုရား... ကြွပါ"ဟု ခေါ်ကာ ဆွမ်းစားစရပ်သို့ ဝင်စေ၍ ယာဂုကိုလှူပြီးလျှင် သွားကြသောအခါ နွားတို့ကို နွားခြံ၌သွင်း၍ သွားကုန်သကဲ့သို့ စောင်ငဲ့၍မျှ မကြည့်ပဲ သွားကုန်၏။ ထိုသို့သဘောရှိသောရွာသည် သင့်လျော်၏။

အလုပ်အကျွေးတို့သည်လည်း အဆင်းမလှ အမြင်ဆိုးကုန်သော ညစ်နွမ်းသော အဝတ်တို့ကို ဝတ်ကုန်လျက် အနံ့ဆိုး၍ စက်ဆုပ်ဖွယ်ရှိကုန်သော ယာဂုဆွမ်းကို ကပ်လှူသောအခါ စွန့်ပစ်သကဲ့သို့ မရိုမသေ လုပ်ကျွေးတတ်ကုန်သော အလုပ်အကျွေးတို့ဖြစ်လျှင် သင့်လျော်၏။ ယာဂု ဆွမ်းခဲဖွယ်သည်

လည်း ကြမ်းတမ်းသော ကြိတ် လမန်း လူး ဆန်ကွဲ အစရှိသည်တို့ဖြင့် ချက်ထားသောဆွမ်း၊ အရည်သောက်ဟင်း၊ ဤသို့စသော ဝမ်းပြည့်ရုံမျှ သက်သက်ဖြစ်သော တစ်စုံတစ်ခုသော စားသောက်ဖွယ်သည် သင့်လျော်၏။

ထိုရာဂစရိုက်ရှိသောသူအား ဣရိယာပုထ်သည်လည်း ရပ်ခြင်းနှင့်၊ စင်္ကြန်လျှောက်ခြင်းသည် သင့်လျော်၏။ အာရုံသည်ကား နီလကသိုဏ်းစသော အဆင်းကသိုဏ်းတို့တွင် တစ်စုံတစ်ခုသော မစင်ကြယ်သော အဆင်းကသိုဏ်းသည် သင့်လျော်၏။ ဤအလုံးစုံသည် ရာဂစရိုက်ရှိသောသူအား သင့်လျော်၏။

ဒေါသစရိုက်ရှိသူ အတွက်

ဒေါသစရိုက်ရှိသောသူအား မမြင့်လွန်း မနိမ့်လွန်းသောကျောင်း၊ အရိပ်ရေတို့နှင့် ပြည့်စုံသော ကျောင်း၊ ကောင်းစွာ စီမံထားသော နံရံ,တိုင်နှင့် စောင်းတန်းလှေကား ရှိသောကျောင်း၊ ကောင်းမွန်သပ်ယပ်စွာ ပြုလုပ်ထားသော ခြူးပန်းခြူးနွယ် အထူးထူး အထွေထွေသော ပန်းချီကားတို့ဖြင့် တင့်တယ်တောက်ပသောကျောင်း၊ ညီညွတ်ပြေပြစ် နူးညံ့သော မြေအပြင်ရှိသောကျောင်း၊ ဗြဟ္မာမင်း၏ ဗိမာန်ကဲ့သို့ ပန်းဆိုင်းတို့ဖြင့် ဆန်းကြယ်သောအဆင်းရှိသောကျောင်း၊ သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်သော အဆင်းတို့ကို သပ်ယပ်စွာ ခင်းထားသော ညောင်စောင်း အင်းပျဉ်ရှိသော ကျောင်း၊ ထိုထိုအရပ်၌ ရန်အလို့ငှာထားသောပန်းတို့၏ မွှေးသောရနံ့တို့ဖြင့် အလွန်မွှေးကြိုင်သောကျောင်း၊ မြင်ကာမျှဖြင့်ပင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်သောကျောင်း၊ ဤသို့သောကျောင်းသည် သင့်လျော်၏။

ထိုကျောင်း၏ လမ်းသည်လည်း အလုံးစုံသော ဘေးရန်တို့မှ လွတ်ကင်းလျက် သန့်ရှင်းစင်ကြယ် ညီညာသော မြေမျက်နှာပြင်ရှိသောလမ်း၊ တန်ဆာဆင်ခြင်းနှင့် စပ်သောလမ်း၊ ဤသို့သော လမ်းသည်သာလျှင် သင့်လျော်၏။

ဤဒေါသစရိုက်ရှိသောသူနှင့် သင့်လျော်သောကျောင်း၌ ပိုးဟပ် ကြမ်းပိုး မြွေ ကြွက်တို့၏ မှီခိုရာကို ဖြတ်တောက်ပယ်ရှားခြင်းငှာ ကျောင်းအသုံးအဆောင်သည်လည်း မများလွန်းလျှင် သင့်လျော်၏။ ညောင်စောင်းတစ်ခု၊ အင်းပျဉ်တစ်ခုသာလျှင် သင့်လျော်၏။

ဒေါသစရိုက်ရှိသောသူ၏ ခါးဝတ်နှင့်ကိုယ်ရုံသည်လည်း တရုပ်ပြည်ဖြစ်အဝတ်၊ သောမာရတိုင်းဖြစ်အဝတ်၊ ပိုးချည်အဝတ်၊ နူးညံ့သောဝါချည် အဝတ်၊ နူးညံ့သော ဂရိတ်ပြည်ဖြစ်အဝတ် စသည်တို့တွင် ကောင်းမြတ်သောအဝတ်ဖြင့် ချုပ်လုပ်ထားသော ပေါ့ပါးပြီး ရဟန်းတော်တို့နှင့် သင့်လျော်သော ကောင်းစွာဆိုးထားပြီး စင်ကြယ်သော အဆင်းရှိသော တစ်လွှာတည်းသင်္ကန်းဖြစ်စေ၊ နှစ်ထပ်သင်္ကန်းဖြစ်စေ၊ သင့်လျော်၏။

သပိတ်သည်လည်း စီပေါင်းကဲ့သို့ ကောင်းသောပုံသဏ္ဌာန်ရှိသော မြကဲ့သို့ ကောင်းစွာ ချောညက် ပြေပြစ်သော အညစ်အကြေးကင်းလျက် ရဟန်းတော်တို့အား လျောက်ပတ်သော အဆင်းဖြင့် ပတ်ပတ်လည် အလွန်စင်ကြယ်သော အဆင်းရှိသော သံသပိတ်သည် သင့်လျော်၏။ ဆွမ်းခံလမ်းသည်လည်း ဘေးရန်ကင်း၍ ညီညာလျက် နှစ်သက်ဖွယ်ရှိသော ရွာနှင့် မနီးလွန်း မဝေးလွန်းသော လမ်းသည် သင့်လျော်၏။

ဆွမ်းခံရွာသည်လည်း အကြင်ရွာ၌ လူတို့သည် "ယခုအခါ အရှင်မြတ် ကြွလာလိမ့်မည်"ဟု မြော်လင့်လျက် တံမြက်လှည်း၍ ရေဖြန်းထားသောအရပ်၌ နေရာခင်း၍ ခရီးဦး ကြိုဆိုကာ သပိတ်သင်္ကန်းကို လှမ်းယူ၍ အိမ်သို့ဝင်စေပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်စေ၍ မိမိတို့လက်ဖြင့် ရိုသေစွာ လုပ်ကျွေးကြကုန်၏။ ထိုသို့သော ဆွမ်းခံရွာသည် သင့်လျော်၏။

ထိုဒေါသစရိုက်ရှိသောသူ၏ အလုပ်အကျွေးသည်ကား အဆင်းလှ၍ ကြည်ရွှင်စဖွယ်ရှိကြလျှင်, ကောင်းစွာ ရေချိုးပြီး၍ သေသပ်ညီညာ နံ့သာလိမ်းကျံထားကြလျှင်, ပန်းပေါင်းစုံတို့၏ အမွှေးရနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်သည့် ရနံ့ရှိကြလျှင်, အရောင်အမျိုးမျိုးတို့ဖြင့် ဆိုးထားသည့် သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်ရာ အဝတ်တန်ဆာတို့ဖြင့် ဆင်ပြင်ကြလျက် အရိုအသေပြုလေ့ ရှိကြလျှင်, ထိုသို့သော အလုပ်အကျွေးတို့သည် သင့်လျော်၏။

ဆွမ်းခဲဖွယ်သည်လည်း အဆင်း အနံ့ အရာသာပြည့်စုံလျက် ဩဇာရှိသော, စိတ်နှလုံးကို ပျော်မွေ့စေသော, အချင်းခပ်သိမ်း မွန်မြတ်သော, အလိုရှိသလောက် ရသော ဆွမ်းခဲဖွယ်သည် သင့်လျော်၏။

ထိုဒေါသစရိုက်ရှိသောသူအား ဣရိယာပုထ်သည်လည်း အိပ်ခြင်းနှင့် ထိုင်ခြင်းသည် သင့်လျော်၏။ အာရုံသည် နီလကသိုဏ်း စသော အဆင်းကသိုဏ်းတို့တွင် ထက်ဝန်းကျင် အလွန်စင်ကြယ်သော အဆင်းရှိသော ကသိုဏ်းတစ်ခုခုသည် သင့်လျော်၏။ ဤအလုံးစုံသည် ဒေါသစရိုက်ရှိသူအား သင့်လျော်၏။

မောဟစရိုက်ရှိသူ အတွက်

မောဟစရိုက်ရှိသောသူအား လွင်ပြင်သို့မျက်နှာမူသော မကျဉ်းမြောင်းသော ကျောင်း၌ နေထိုင်သူအား အရပ်မျက်နှာသို့ လင်းလင်းချင်းချင်း တွေ့မြင်ရသောကျောင်းသည် သင့်လျော်၏။ ဣရိယာပုထ်တို့တွင် စင်္ကြံလျှောက်ခြင်းသည် သင့်လျော်၏။ ထိုမောဟစရိုက်ရှိသူအား စကောငယ် ပမာဏ, သို့မဟုတ် စလောင်းဖုံး ပမာဏရှိသော ကျဉ်းသော ကသိုဏ်းဝန်းသည် မသင့်လျော်ပေ။ ကျဉ်းမြောင်းသောအရပ်၌ စိတ်သည် ပို၍ တွေဝေသောကြောင့် ကျယ်ပြန့်သော ကသိုဏ်းဝန်းကြီး သည် သင့်လျော်၏။ မောဟစရိုက်ရှိသူအား လျော်သော ကြွင်းသော ဆိုဖွယ်သည် ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်အတွက် ဆိုအပ်ပြီးသည်နှင့် တူသည်သာတည်း။ ဤအလုံးစုံသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်၏။

သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်ရှိသူများ အတွက်

သဒ္ဓါစရိုက်ရှိသူအား ဒေါသစရိုက်ရှိသူအတွက် ဆိုခဲ့ပြီးသော အစီအရင် အလုံးစုံသည် သင့်လျော်၏။ အာရုံတို့တွင်ကား သဒ္ဓါစရိုက်ရှိသောသူအား ဗုဒ္ဓါနုဿတိစသော ၆-ပါးသော အနုဿတိ ကမ္မဋ္ဌာန်းသည် သင့်လျော်၏။ ဗုဒ္ဓိစရိုက်ရှိသူအား ကျောင်းစသည်တို့တွင် "ဤမည်သောအရာသည် မလျောက်ပတ်"ဟု ဆိုဖွယ်မရှိပေ။

ဝိတက်စရိုက်ရှိသူ အတွက်

ဝိတက်စရိုက်ရှိသူအား ဟင်းလင်းဖြစ်လျက် ဟင်းလင်းဖြစ်လျက် လွင်ပြင်သို့ မျက်နှာမူသော ကျောင်းသည်ကား မသင့်လျော်ပေ။ ယင်းကျောင်း၌ နေထိုင်သူအား စိတ်နှလုံးမွေ့လျော်ဖွယ်ရာ ဖြစ်သော ဥယျာဉ် ခြံ ရေကန်တို့သည်၄င်း၊ ရွာ နိဂုံး ဇနပုဒ် စသည်တို့သည်၄င်း၊ စိမ်းညို့ညို့ အရောင် ရှိသော တောင်တို့သည်၄င်း ထင်ပေါ်ကုန်၏။ ထိုသို့သောကျောင်းသည် မသင့်လျော်ပေ။ ထိုကျောင်း သည် ကြံစည်တွေးတောလျက် စိတ်ပြေးသွားခြင်း၏သာလျှင် အကြောင်းဖြစ်၏။

ထို့ကြောင့် ဝိတက်စရိုက်ရှိသောသူသည် နက်သော တောင်ချောက်အဝ၌ တောဖြင့်ဖုံးကွယ် သော ဆင်ဝမ်းဗိုက်နှင့်တူသော တောင်ဝှမ်း၌ရှိသော အရှင်မဟိန္ဒထေရ်၏ ဂူနှင့်တူသော ကျောင်းမျိုး၌ နေသင့်၏။ ထိုဝိတက်စရိုက်ရှိသောသူအား အာရုံသည်လည်း ကျယ်ပြန့်သော ကသိုဏ်းဝန်းသည် မသင့်လျော်ပေ။ ထိုသို့သဘောရှိသော ကသိုဏ်းဝန်းသည် ကြံစည်တွေးတောခြင်းအားဖြင့် စိတ်ပြေး

သွားခြင်း၏ အကြောင်းဖြစ်ပေသည်။ ကျဉ်းသောကသိုဏ်းဝန်းမှုကား သင့်လျော်ပေသည်။ ကြွင်းသော ဆိုဖွယ်သည် ရာဂစရိုက်ရှိသောသူအတွက် ဆိုခဲ့ပြီးသောစကားနှင့် တူသည်သာတည်း။ ဤအလုံးစုံ သည် ဝိတက်စရိုက်ရှိသောသူအား သင့်လျော်၏။

ဤဆိုခဲ့ပြီးသော အကျယ်စကားသည် "မိမိ၏ စရိုက်အားလျော်သော"ဟူသည့် စကားရပ်၌ လာသော စရိုက်တို့ကို အကွဲအပြားကို ပိုင်းခြားဆုံးဖြတ်ခြင်း၊ အကြောင်းအရင်းကို ပိုင်းခြားဆုံးဖြတ်ခြင်း၊ သိနိုင်ပုံပြခြင်းကို ပိုင်းခြားဆုံးဖြတ်ခြင်း၊ လျော်သည်ကို ပိုင်းခြားဆုံးဖြတ်ခြင်းအားဖြင့် အကျယ်ပြဆိုခြင်း ပေတည်း။ သို့ရာတွင် ထိုမျှလောက် စကားအစဉ်ဖြင့် စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကိုမူ ခပ်သိမ်း သော အခြင်းအရာအားဖြင့် မပြဆိုရသေး။ ထိုစရိုက်အားလျော်သော ကမ္မဋ္ဌာန်းသည် အခြားမဲ့ဖြစ်သော မာတိကာပုဒ်၏ အကျယ်၌ သူ့အလိုလိုပင် ထင်ရှားပေလတ့်။

<><><><>_/_<><><><>

ကမ္မဋ္ဌာန်းလေးဆယ်ကို ဖွင့်ဆိုချက်

ထိုသို့ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို အပြည့်အစုံ မပြဆိုရသေးသောကြောင့် "ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍"ဟူသော စကားရပ်၌-

၁။ လေးဆယ်ဟူသော သင်္ချာအားဖြင့် အကျဉ်းပြအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြခြင်းအားဖြင့်၎င်း၊
၂။ ဥပစာရနှင့် အပ္ပနာကို ဆောင်သောအားဖြင့်၎င်း၊
၃။ ဈာန်ကို ဝေဘန်သောအားဖြင့်၎င်း၊
၄။ အင်္ဂါနှင့် အာရုံကို လွန်သောအားဖြင့်၎င်း၊
၅။ ပွားစေအပ်, မပွားစေအပ်သည်ကို ဝေဘန်သောအားဖြင့်၎င်း၊
၆။ အာရုံကို ဝေဘန်သောအားဖြင့်၎င်း၊
၇။ ဘုံကို ဝေဘန်သောအားဖြင့်၎င်း၊
၈။ ယူအပ်, မယူအပ်သည်ကို ဝေဘန်သောအားဖြင့်၎င်း၊
၉။ အကြောင်းကို ဝေဘန်သောအားဖြင့်၎င်း၊
၁၀။ စရိုက်အားလျော်သည်ကို ဝေဘန်သောအားဖြင့်၎င်း၊

ဤသို့ ရှေးဦးစွာ ဤ၁၀-ပါးသော အခြင်းအရာတို့ဖြင့် ကမ္မဋ္ဌာန်းအဆုံးအဖြတ်ကို သိအပ်၏။

(၁) "လေးဆယ်ဟူသော သင်္ချာဖြင့် အကျဉ်းပြအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြခြင်းအားဖြင့်" ဟူရာ၌ **ကမ္မဋ္ဌာန်း ၄၀-ဟူသည်...**

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မဝိဟာရ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ သညာ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ ဤသို့အားဖြင့် ကမ္မဋ္ဌာန်း ၄၀-ဖြစ်၏။

ကသိုဏ်း ၁၀-ပါး

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း၊ ပီတ ကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာလောက ကသိုဏ်း၊ ပရိစ္ဆိန္နာကာသ ကသိုဏ်း၊

အသုဘ ၁၀-ပါး

ဥဒ္ဓုမာတက အသုဘ၊ ဝိနီလက အသုဘ၊ ဝိပုဗ္ဗက အသုဘ၊ ဝိဆိဒ္ဒက အသုဘ၊ ဝိက္ခာယိတက အသုဘ၊ ဝိက္ခိတ္တက အသုဘ၊ ဟတဝိက္ခိတ္တက အသုဘ၊ လောဟိတက အသုဘ၊ ပုဠုဝက အသုဘ၊ အဋ္ဌိက အသုဘ။

အနုဿတိ ၁၀-ပါး

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ ဥပသမာနုဿတိ၊

ဗြဟ္မဝိဟာရ ၄-ပါး

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊

အာရုပ္ပ ၄-ပါး

အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန။

သညာ ၁-ပါး

အာဟာရေ ပဋိကူလသညာ (အာဟာရ၌ စက်ဆုပ်ဖွယ်ဟူသော အမှတ်သညာ)

ဝဝတ္ထာန် ၁-ပါး

စတုဓာတု ဝဝတ္ထာန် (ဓာတ်လေးပါးကို ပိုင်းခြားသတ်မှတ်ခြင်း)

(၂) ဥပစာရနှင့် အပ္ပနာကို ဆောင်သောအားဖြင့်

ကာယဂတာသတိနှင့် အာနာပါနဿတိကို ဖယ်ထား၍ ကြွင်းသော အနုဿတိ ၈-ပါး၊ အာဟာရေ ပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ဤ ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရကိုသာ ဆောင်ကုန်၏ (ဥပစာရသမာဓိကိုသာ ဖြစ်စေနိုင်ကုန်၏)။ ထို ၁၀-ပါးမှ ကြွင်းသော ၃၀-သော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာသမာဓိကို ဖြစ်စေနိုင်ကုန်၏။ ဤသို့ ဥပစာရနှင့် အပ္ပနာကို ဆောင်သောအားဖြင့် အဆုံးအဖြတ် ကို သိအပ်၏။

(၃) ဈာန်ကို ဝေဘန်သောအားဖြင့်

အပ္ပနာကိုဆောင်သော ထိုကမ္မဋ္ဌာန်း ၃၀-တို့တွင် အာနာပါနဿတိနှင့်တကွ ကသိုဏ်း ၁၀-ပါး တို့သည် ရူပဈာန် ၄-ပါးတို့၏ အာရုံဖြစ်ကုန်၏။ ကာယဂတာသတိနှင့်တကွ အသုဘ ၁၀-ပါးတို့သည် ရူပ-ပဌမဈာန်၏ အာရုံဖြစ်ကုန်၏။ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ရှေ့ဗြဟ္မဝိဟာရတရား ၃-ပါး တို့သည် အောက် ရူပဈာန် ၃-ပါးတို့၏ အာရုံဖြစ်ကုန်၏။ ဥပေက္ခာ-ဗြဟ္မဝိဟာရနှင့် အာရုပ္ပဈာန် ၄-ပါး တို့သည် စတုတ္ထဈာန်၏ အာရုံဖြစ်ကုန်၏။ ဤသို့ ဈာန်ကို ဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၄) အင်္ဂါနှင့် အာရုံကို လွန်သောအားဖြင့်

လွန်မြောက်ခြင်းတို့သည် အာရုံကို လွန်မြောက်ခြင်းနှင့် အင်္ဂါကိုလွန်မြောက်ခြင်းဟု ၂-မျိုး ရှိ၏။ ထို ၂-မျိုးတို့တွင် ဈာန်၃-ပါး၏ အာရုံဖြစ်သော ရှေးဗြဟ္မဝိဟာရ ၃-ပါး၊ ဈာန်၄-ပါး၏ အာရုံဖြစ်သော

အာနာပါနဿတိနှင့် ကသိုဏ်း ၁၀-ပါး၊ ဤ ၁၄-ပါးသော ကမ္မဋ္ဌာန်းတို့၌ အင်္ဂါကို လွန်မြောက်ခြင်း ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော ဝိတက် ဝိစာရ အစရှိသော ဈာန်အင်္ဂါတို့ကို လွန်မြောက်၍ ဖြဟ္မဝိဟာရ၊ အာနာပါနဿတိ၊ ကသိုဏ်းဟူသော ထိုအာရုံတို့၌သာလျှင် ဒုတိယဈာန် စသည်တို့ကို ရအပ်သောကြောင့်ပေတည်း။

စတုတ္ထဖြဟ္မဝိဟာရ၌ ထိုအတူ အင်္ဂါတို့ကို လွန်မြောက်ခြင်း ဖြစ်ပေသည်။ အဘယ့်ကြောင့် ဆိုသော် ထိုစတုတ္ထ ဖြဟ္မဝိဟာရကိုလည်း မေတ္တာစသည်တို့၏ အာရုံ၌သာလျှင် သောမနဿကို လွန်မြောက်၍ ရအပ်သောကြောင့်တည်း။

အာရုပ္ပ ၄-ပါးတို့၌ အာရုံကို လွန်မြောက်ခြင်း ဖြစ်၏။ မှန်၏။ ရှေ့ကသိုဏ်း ၉-ပါးတို့တွင် တစ်ပါး ပါးကို လွန်မြောက်၍ အာကာသာနဉ္စာယတနဈာန်ကို ရအပ်၏။ ကောင်းကင်ပညတ်စသည်တို့ကို လွန်မြောက်၍ ဝိညာနဉ္စာယတနဈာန် စသည်တို့ကို ရအပ်ကုန်၏။

ဆိုခဲ့ပြီးသော ဖြဟ္မဝိဟာရ ၄-ပါး၊ အာနာပါနဿတိ၊ ကသိုဏ်း ၁၀-ပါး၊ အာရုပ္ပ ၄-ပါးတို့မှ ကြွင်း သော ကမ္မဋ္ဌာန်း ၂၁-ပါး တို့သည် အာရုံကို လွန်မြောက်ခြင်း မရှိပေ။ ဤသို့ အင်္ဂါနှင့် အာရုံကို လွန်မြောက်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၅) ပွါးစေအပ်-မပွါးစေအပ်သည်ကို ဝေဘန်သောအားဖြင့်

ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် ကသိုဏ်း ၁၀-ပါးကိုသာလျှင် ပွားစေအပ်၏။ အကျိုးကား ကသိုဏ်း ဖြန့်ရာ အရပ်အတွင်း၌ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် အသံကိုကြားရခြင်းငှာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဆင်းကို မြင်ခြင်းငှာ၊ စေတောပရိယအဘိညာဉ်စိတ်ဖြင့် သူတပါးတို့စိတ်ကို သိခြင်းငှာ စွမ်းနိုင်၏။

ကာယဂတာသတိနှင့် အသုဘကိုကား မပွါးစေအပ်ကုန်။ အဘယ်ကြောင့်နည်း? မိမိတည်ရာ အရပ်ဖြင့် ပိုင်းခြားထားသောကြောင့်၎င်း၊ အကျိုးမရှိသောကြောင့်၎င်း ဖြစ်ပေသည်။ ထိုကာယဂတာ သတိနှင့် အသုဘတို့ကို မိမိတို့တည်ရာအရပ်ဖြင့် ပိုင်းခြားထားပုံသည် ဘာဝနာနည်း၌ ထင်ရှားပေလိမ့် မည်။ ထိုကာယဂတာသတိနှင့် အသုဘတို့ကို ပွားစေလျှင် အကောင်ပုပ်အစုသာလျှင် ပွား၏။ အကျိုး တစ်စုံတစ်ရာ မရှိပေ။ သောပါကသာမဏေ ပြဿနာအဖြေ၌-

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ကသိုဏ်းကို အာရုံပြုသောသညာသည် အလွန်ထင်ရှားပါ သည်။ အရိုးစုကို အာရုံပြုသောသညာသည် မထင်ရှားပါဘုရား"

ဟု ဆိုထားသော ဤသာဓကစကားလည်း ရှိပေသည်။ ထိုသာဓကစကား၌ ပဋိဘာဂနိမိတ်၏ ပွားခြင်း အားဖြင့် ကသိုဏ်းရုပ်ကို အာရုံပြုသောသညာကို အလွန်ထင်ရှားပါသည်ဟု ဆိုလိုပေသည်။ ပဋိဘာဂ နိမိတ်၏ မပွားခြင်းအားဖြင့် အရိုးစုကို အာရုံပြုသောသညာကို မထင်ရှားပါဟု ဆိုလိုပေသည်။

"အကြွင်းမဲ့ အလုံးစုံသော ဤမြေကြီးအပြင်ကို အဋ္ဌိကသညာဖြင့် ပျံ့နှံ့စေပြီ"ဟူသော စကား သည်ကား လွန်ကဲသော ဝသီဘော်သို့ရောက်သော အဋ္ဌိကသညာရသည့် ပုဂ္ဂိုလ်ထူးဖြစ်သော မထေရ် အား ထင်ပုံအခြင်းအရာအားဖြင့် ဟောထားသော စကားဖြစ်ပေသည်။ (ပဋိဘာဂနိမိတ်ကို ပွားစေခြင်း အားဖြင့် ဟောထားသောစကား မဟုတ်ပေ။)

ဥပမာပြရလျှင် သီရိဓမ္မာသောကမင်းလက်ထက်၌ ကရဝိက်ငှက်သည် ပတ်ဝန်းကျင်မှ မှန်နံရံ တို့ မိမိအရိပ်ကို မြင်လတ်သော် "အလုံးစုံသော အရပ်မျက်နှာတို့၌ ကရဝိက်ငှက် အဖော်ရှိ၏"ဟု ထင် မှတ်သည်ဖြစ်၍ သာယာသောအသံကို တွန်ကျူးသကဲ့သို့၊ ထို့အတူ (သိင်္ဂါလပိတု)မထေရ်သည်လည်း အဋ္ဌိကသညာကို လွန်လွန်ကဲကဲ ရခြင်းကြောင့် အလုံးစုံသော အရပ်မျက်နှာတို့၌ ထင်သောနိမိတ်ကို မြင်လတ်သော် "အကြွင်းမဲ့ အလုံးစုံသော မြေကြီးအပြင်သည် အရိုးစုဖြင့် ပြည့်နေ၏"ဟု အောက်မေ့ လေ၏။

စောဒနာတက်လာပုံ-

ယင်းသို့ အသုဘနိမိတ်ကို မပွားစေအပ်-ဟု ဆိုသော် ဓမ္မသင်္ဂဏီပါဠိတော်၌ အသုဘကို အာရုံပြုသော ဈာန်တို့၏ အတိုင်းမသိ ကြီးကျယ်သောအာရုံရှိသည်၏ အဖြစ်ကို ဟောတော်မူသောစကားသည် "မပွားစေအပ်"ဟု ဆိုသောစကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော? ဟု စောဒနာတက်ငြားအံ့။

အဖြေကား။ ။ထိုဓမ္မသင်္ဂဏီစကားသည် မဆန့်ကျင်ပေ။ မှန်၏။ အချို့သောယောဂီသည် ကြီးသော ဖူးဖူးယောင်သည့် အကောင်ပုပ်၌ဖြစ်စေ, အရိုးစု၌ဖြစ်စေ နိမိတ်ယူ၏။ အချို့သော ယောဂီသည် ငယ်သော ဖူးဖူးယောင်သည့် အကောင်ပုပ်၌ဖြစ်စေ, အရိုးစု၌ဖြစ်စေ နိမိတ်ယူ၏။ ဤအကြီး အငယ် မတူသော အကြောင်းကြောင့် အချို့သော ယောဂီအား ပရိတ္တာရမ္မဏခေါ် သေးငယ်သော အာရုံရှိသော ဈာန်သည်ဖြစ်၏။ အချို့သော ယောဂီအား အပ္ပမာဏာရမ္မဏခေါ် အတိုင်းမသိ ကြီးကျယ်သော အာရုံရှိသောဈာန်သည် ဖြစ်၏။ ဤကား အဖြေစကားတည်း။

အဖြေတနည်းကား။ ။တစ်စုံတစ်ယောက်သော ယောဂီသည် ထိုအသုဘနိမိတ်ကို ပွားစေခြင်း၌ အပြစ်မမြင်သောကြောင့် ပွားစေ၏။ ထိုသို့သော ယောဂီကို ရည်ရွယ်၍ "အတိုင်းမသိ ကြီးကျယ်သော အာရုံရှိ၏"ဟု ဟောတော်မူ၏။ ထိုသို့ အပြစ်မမြင်၍ ပွားစေသူကို ရည်ရွယ်၍ ဟောတော်မူသော်လည်း အကျိုးမရှိသောကြောင့် အသုဘနိမိတ်တို့ကို မပွားစေအပ်ကုန်။ ဤကား အဖြေတနည်းတည်း။

ဤအသုဘစသည်တို့ကို မပွားစေအပ်သကဲ့သို့ ထို့အတူ ကြွင်းသော အာနာပါနဿတိ စသော ကမ္မဋ္ဌာန်းအာရုံတို့ကိုလည်း မပွားစေအပ်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ... ထိုကမ္မဋ္ဌာန်းတို့တွင် အာနာပါနနိမိတ်ကို ပွားစေလျှင် လေအစုသည်သာလျှင် ပွား၏။ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းစသော တည်ရာအရပ်ဖြင့် ပိုင်းခြားထားအပ်သော ကမ္မဋ္ဌာန်းလည်း ဖြစ်၏။ ဤသို့ လေအစုမျှသာ ပွားခြင်းဟူသော အပြစ်ရှိသောကြောင့်၎င်း၊ တည်ရာအရပ်ဖြင့် ပိုင်းခြားထားအပ်သော ကမ္မဋ္ဌာန်းဖြစ်သောကြောင့်၎င်း မပွားစေအပ်ပေ။

ဗြဟ္မဝိဟာရသည် သတ္တဝါပညတ်ကို အာရုံပြု၏။ ထိုဗြဟ္မဝိဟာရတို့၏ အာရုံနိမိတ်ကို ပွားစေလျှင် သတ္တဝါအစုသည်သာလျှင် ပွားရာ၏။ ထိုသတ္တဝါအစု၏ ပွားခြင်းဖြင့်လည်း အကျိုးမရှိပေ။ ထို့ကြောင့် ဗြဟ္မဝိဟာရ၏ အာရုံကိုလည်း မပွားစေအပ်။

"မေတ္တာနှင့် တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို အာရုံပြုသောအားဖြင့် ဖြန့်၍" ဤသို့စသော စကားကိုမူ မသိမ်းဆည်းရသေးသော ဘာဝနာ၏ အာရုံကို သိမ်းဆည်းသောအားဖြင့် သာလျှင် ဟောတော်မူအပ်၏။ (သိမ်းဆည်းအပ်ပြီးသော အာရုံကို ပွားစေသောအားဖြင့် ဟောတော်မူအပ်သည်ကား မဟုတ်ပေ။ တစ်ကျောင်း၌နေသောပုဂ္ဂိုလ်, နှစ်ကျောင်း၌နေသောပုဂ္ဂိုလ် စသောအစဉ်ဖြင့် အရပ်မျက်နှာတစ်ခု၌ နေသောသတ္တဝါတို့ကို သိမ်းဆည်း၍ ပွားစေသည်ကို "တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍"ဟု ဆိုပေသည်။ အာရုံကို ပွားစေတတ်သည်ကိုကား ဆိုသည် မဟုတ်ပေ။

ဤဗြဟ္မဝိဟာရဘာဝနာ၌ ဤယောဂီက ပွားစေနိုင်ရာသော ပဋိဘာဂနိမိတ်သည်လျှင် မရှိပေ။ (ပဋိဘာဂနိမိတ်ကိုသာလျှင် ပွားစေနိုင်သည်။ ဗြဟ္မဝိဟာရတို့၌မူ ပဋိဘာဂနိမိတ်ပင် ထင်ခြင်းမရှိပေ။ ထို့ကြောင့် ဗြဟ္မဝိဟာရတို့၌ အာရုံကို မပွားစေအပ်ဟု ဆိုခြင်းဖြစ်ပေသည်။) ဤဗြဟ္မဝိဟာရဘာဝနာ၌ သေးငယ်သော(ကျဉ်းသော)အာရုံရှိခြင်း၊ ကြီးကျယ်သောအာရုံ ရှိခြင်းကိုလည်း ပုဂ္ဂိုလ်အနည်းအများကို သိမ်းဆည်းသောအားဖြင့်သာလျှင် သိအပ်၏။ (ပုဂ္ဂိုလ် ၁-ယောက်၊ ၂-ယောက်စသည် အနည်းငယ်၌ ပွားစေအပ်သော မေတ္တာဈာန်စသည်ကို ပရိတ္တာရမ္မဏ-သေးငယ်သော အာရုံရှိသော ဈာန်ဟူ၍၎င်း၊ ပုဂ္ဂိုလ်များစွာ၌ ပွားစေအပ်သောဈာန်ကို အပ္ပမာဏာရမ္မဏ-အတိုင်းမသိ ကြီးကျယ်သော အာရုံရှိသော ဈာန်ဟူ၍၎င်း သိရမည်ဟု ဆိုလိုသည်။)

အာရုပ္ပအာရုံတို့တွင်လည်း ကောင်းကင်ပညတ်သည် ကသိုဏ်းကိုခွါ၍ ရထားသော နိမိတ်ဖြစ်ခြင်းကြောင့် ယင်းပညတ်အာရုံကို မပွားစေအပ်ပေ။ ထိုကောင်းကင်ပညတ်ကို ကသိုဏ်းကင်းကွာခြင်းအလိုအားဖြင့်သာလျှင် နှလုံးသွင်းအပ်၏။ ထိုကသိုဏ်းကင်းကွာခြင်းထက် လွန်၍ ပွားစေသော်လည်း အကျိုးတစ်စုံတစ်ခုမျှ မဖြစ်ပေ။

ပထမာရုပ္ပဝိညာဏ်အာရုံသည် သဘာဝတရားဖြစ်သောကြောင့် ယင်းဝိညာဏ်အာရုံကိုလည်း မပွားစေအပ်ပေ။ မှန်၏။ သဘာဝအာရုံကို ပွားစေခြင်းငှာ မစွမ်းနိုင်ပေ။ ပထမာရုပ္ပဝိညာဏ်၏ကင်းခြင်း နတ္ထိဘောပညတ် အာရုံသည် ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းမျှ ဖြစ်သောကြောင့် ယင်းအာရုံကိုလည်း မပွားစေအပ်။

ဗုဒ္ဓါနုဿတိစသော ကြွင်းသော ကမ္မဋ္ဌာန်းတို့ကို ပဋိဘာဂနိမိတ်မဟုတ်သောကြောင့် မပွားစေအပ်ကုန်။ မှန်ပေ၏။ ပဋိဘာဂနိမိတ်သာလျှင် ပွားစေနိုင်ကောင်းသည် မည်ရာ၏။ ဗုဒ္ဓါနုဿတိ စသည်တို့၏ အာရုံသည်လည်း ပဋိဘာဂနိမိတ် မဖြစ်ပေ။ ထို့ကြောင့် ထိုဗုဒ္ဓါနုဿတိ စသည်တို့၏အာရုံကို မပွားစေအပ်ပေ။

ဤသို့ ပွားစေအပ်, မပွားစေအပ်သည်ကို ဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ပေသည်။

(၆)အာရုံကိုဝေဘန်သောအားဖြင့်-

ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ ဟူသော ဤ ၂၂-ပါးတို့သည် ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်၏။ ကြွင်းသော ကမ္မဋ္ဌာန်း ၁၈-ပါးတို့သည် ပဋိဘာဂနိမိတ်ကို အာရုံမပြုကုန်။

ထို့ပြင် အနုဿတိ ၁၀-ပါးတို့တွင် အာနာပါနဿတိနှင့် ကာယဂတာသတိကို ဖယ်ထား၍ ကြွင်းသော အနုဿတိ ၈-ပါး၊ အာဟာရေ ပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတန ဟူသော ဤကမ္မဋ္ဌာန်း ၁၂-ပါးတို့သည် သဘာဝတရားကို အာရုံပြုကုန်၏။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါန-သတိ၊ ကာယဂတာသတိ ဟူသော ဤ ၂၂-ပါးတို့သည် (ပဋိဘာဂ)နိမိတ်ကို အာရုံပြုကုန်၏။

ကြွင်း သော ဗြဟ္မဝိဟာရ ၄-ပါး၊ အာကာသာ-နဉ္စာ-ယတန၊ အာကိဉ္စညာယတန ဟူသော ဤ ၆-ပါးသော ကမ္မဋ္ဌာန်းတို့သည် သဘာဝတရားဟုလည်း မဆိုအပ်၊ ပဋိဘာဂနိမိတ်ဟုလည်း မဆိုအပ်သော (နဝတ္တဗ္ဗ) အာရုံကို အာရုံပြုကုန်၏။

ထို့ပြင် ဝိပုဗ္ဗက အသုဘ၊ လောဟိတက အသုဘ၊ ပုဠုဝက အသုဘ၊ အာနာပါနဿတိ၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာလောကကသိုဏ်း၌ နေ-စသည်တို့၏ လေသာပြတင်းပေါက် စသည်တို့ဖြင့် ဝင်လာသော အရောင်ဝန်းအာရုံဟူသော ဤ ၈-ပါးတို့သည် လှုပ်သောအာရုံတို့ပေတည်း။ ထို ၈-ပါးသော ကမ္မဋ္ဌာန်းတို့သည်လည်း ပဋိဘာဂနိမိတ် မဖြစ်ပေါ်မီ ရှေးအဖို့၌သာ လှုပ်ကုန်၏။ ပဋိဘာဂနိမိတ်သည်ကား ငြိမ်သက်သည်သာတည်း။ ကြွင်းသော ကမ္မဋ္ဌာန်း ၃၈-ပါးတို့သည် မလှုပ်အာရုံတို့ပေတည်း။ ဤသို့ အာရုံကို ဝေဖန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၇) ဘုံကို ဝေဘန်သောအားဖြင့်-

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာဟာရေ ပဋိကူလသညာ ဟူသော ဤကမ္မဋ္ဌာန်း ၁၂-ပါးတို့သည် ကာမာဝစရနတ်ဘုံ၌ မဖြစ်ကုန်။ ထို ၁၂-ပါးနှင့် အာနာပါနဿတိဟူသော ၁၃-ပါးတို့သည်

ပြဟ္မာ့ဘုံ၌ မဖြစ်ကုန်။ အရူပဘုံ၌ကား အာရုပ္ပ ၄-ပါးကို ဖယ်ထား၍ အခြားကမ္မဋ္ဌာန်း မဖြစ်ပေ။ လူ့ဘုံတို့ ကမ္မဋ္ဌာန်း အားလုံးဖြစ်ကုန်၏။ ဤသို့ ဘုံကိုဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၈) ယူအပ်, မယူအပ်သည်ကို ဝေဘန်သောအားဖြင့်-

ဤကမ္မဋ္ဌာန်း ၄၀-တို့၌ မြင်ရသောဝတ္ထု၊ တွေ့ရသောဝတ္ထု၊ ကြားရသောဝတ္ထုဖြင့် ယူခြင်း (နှလုံးသွင်းခြင်း) အားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။ ထိုကမ္မဋ္ဌာန်း ၄၀-တို့တွင် ဝါယောဓာတ်ကို ဖယ်ထား၍ ကြွင်းသော ကသိုဏ်း ၉-ပါး၊ အသုဘ ၁၀-ပါး၊ ဤကမ္မဋ္ဌာန်း ၁၉-ပါးတို့ကို မြင်ရသောဝတ္ထုဖြင့် ယူအပ်(နှလုံးသွင်းအပ်)ကုန်၏။ ဥဂ္ဂဟနိမိတ် မထင်မီရှေးအဖို့၌ မျက်စိဖြင့်ကြည့်၍ ထိုကမ္မဋ္ဌာန်း ၁၉-ပါးတို့၏ ဥဂ္ဂဟနိမိတ်ကို ယူအပ်၏-ဟူသော အနက်ကို ဆိုလိုသည်။

ကာယဂတာသတိ၌ တစပဉ္စက ကမ္မဋ္ဌာန်းကို မြင်ရသောဝတ္ထုဖြင့်၊ ကြွင်းသော ဝက္ကပဉ္စက စသည်ကို ကြားရသောဝတ္ထုဖြင့် (ကြားဖူးသောအခြင်းအရာဖြင့်) ယူအပ်၏။ ဤသို့ ကာယဂတာသတိ၏ အာရုံကို မြင်ရသောဝတ္ထု ကြားရသောဝတ္ထု (ကြားဖူးသောအခြင်းအရာ)ဖြင့် ယူအပ်၏။ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို တွေ့ရသောဝတ္ထုဖြင့်, ဝါယောကသိုဏ်းကို မြင်ရသောဝတ္ထု တွေ့ရသောဝတ္ထုဖြင့် (ယူအပ်၏)။ ဆိုအပ်ပြီးသော ၂၂-ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်း ၁၈-ပါးကို ကြားရသောဝတ္ထုဖြင့် ယူအပ်ကုန်၏။

ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် ဥပေက္ခာဗြဟ္မဝိဟာရနှင့် အာရုပ္ပ ၄-ပါးဟူသော ဤကမ္မဋ္ဌာန်း ၅-ပါးတို့ကို ကမ္မဋ္ဌာန်း အားထုတ်စပုဂ္ဂိုလ်သည် အစပြု၍ မယူအပ် (နှလုံးမသွင်းအပ်)ကုန်။ ကြွင်းသော ကမ္မဋ္ဌာန်း ၃၅-ပါးတို့ကိုကား အားထုတ်စပုဂ္ဂိုလ်သည် ယူအပ်(နှလုံးသွင်းအပ်)ကုန်၏။ ဤသို့ ယူအပ်, မယူအပ်သည်ကို ဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ကုန်၏။

(၉) အကြောင်းကို ဝေဘန်သောအားဖြင့်-

ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် အာကာသကသိုဏ်းကို ဖယ်ထား၍ ကြွင်းသော ကသိုဏ်း ၉-ပါးတို့သည် အာရုပ္ပစျာန်တို့၏ အကြောင်းဖြစ်ကုန်၏။ ကသိုဏ်း ၁၀-ပါးတို့သည် အဘိညာဉ်တို့၏ အကြောင်းဖြစ်ကုန်၏။ ရှေ့ဗြဟ္မဝိဟာရ ၃-ပါးတို့သည် စတုတ္ထဗြဟ္မဝိဟာရ၏ အကြောင်းဖြစ်ကုန်၏။ အောက်အောက်ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်းသည် အထက် အထက်ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်း၏ အကြောင်းဖြစ်၏။ နေဝသညာနာသညာယတနစျာန်သည် နိရောဓသမာပတ်၏ အကြောင်းဖြစ်၏။ ကမ္မဋ္ဌာန်းအားလုံးတို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း, ဝိပဿနာရှုခြင်း, ဘဝသမ္ပတ္တိတို့၏ အကြောင်းရင်း ဖြစ်ကုန်၏။ ဤသို့ အကြောင်းကို ဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ကုန်၏။

(၁၀) စရိုက်အားလျော်သည်ကို ဝေဘန်သောအားဖြင့်-

ကမ္မဋ္ဌာန်း ၄၀-တို့တွင် စရိုက်အားလျော်သောအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။ ဤစရိုက်အားလျော်ပုံမှာ အဘယ်နည်း? ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် အသုဘ ၁၀-ပါးနှင့်၊ ကာယဂတာသတိဟူသော ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်ရှိသူတို့အား သင့်လျော်ကုန်၏။

ဗြဟ္မဝိဟာရ ၄-ပါးနှင့် နီလ, ပီတ, လောဟိတ, ဩဒါတ ဟူသော အဆင်းကသိုဏ်း ၄-ပါး၊ ဤ ၈-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ရှိသူအား သင့်လျော်ကုန်၏။

မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူအား အာနာပါနဿတိ ကမ္မဋ္ဌာန်း ၁-ခုသာလျှင် သင့်လျော်ကုန်၏။

သဒ္ဓါစရိုက်ရှိသူအား ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ ဟူသော အနုဿတိ ၆-ပါးတို့သည် သင့်လျော်ကုန်၏။

ဗုဒ္ဓိစရိုက်ရှိသူအား မရဏဿတိ, ဥပသမာနုဿတိ, စတုဓာတုဝဝတ္ထာန်နှင့်, အာဟာရေ ပဋိကူလသညာ ဟူသော ကမ္မဋ္ဌာန်း ၄-ပါးတို့သည် သင့်လျော်ကုန်၏။

အဆင်းကသိုဏ်း ၄-ပါးမှ ကြွင်းသော ကသိုဏ်း ၆-ပါး (ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောက) နှင့်၊ အာရုပ္ပ ၄-ပါးတို့သည် စရိုက်မရွေး သင့်လျော်၏။

ထို့ပြင် (အိုးဖုံး စလောင်းဖုံးကြီးအရွယ်, စကောငယ်အရွယ်) သေးငယ်သောကသိုဏ်းသည် ဝိတက်စရိုက်ရှိသူတို့အား သင့်လျော်ကုန်၏။

ကောက်နယ်တလင်းအရွယ် စသည် ကြီးကျယ်သောကသိုဏ်းသည် မောဟစရိုက်ရှိသူအား သင့်လျော်၏။ ဤသို့ ကမ္မဋ္ဌာန်း ၄-တို့၌ စရိုက်အားလျော်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ပေသည်။ ဤတွင် စကားတစ်ရပ် ပြီး၏။

စကားကြွင်း-

ဆိုဖွယ် ကျန်သေး၏။ ဤဆိုခဲ့ပြီးသော စရိုက်အားလျော်စွာ ပြဆိုချက် အလုံးစုံကို ဖြောင့်ဖြောင့် ဆန့်ကျင်သော အားဖြင့်၎င်း၊ အလွန်လျောက်ပတ်သောအားဖြင့်၎င်း ဆိုအပ်ပေသည်။ သို့သော်လည်း ရာဂစသည်တို့ကိုမူလည်း မခွါတတ်သော၊ သဒ္ဓါစသည်အားမူလည်း ကျေးဇူးမပြုတတ်သော ကုသိုလ် ဘာဝနာမည်သည် မရှိပေ။ မေဃိယသုတ်၌-

"နလုံးသွင်းသင့်သော တရား ၄-ပါးတို့ကို အထက်၌ တိုးတက်၍ ပွားစေအပ်ကုန်၏။ ရာဂကို ပယ်ခြင်းငှာ အသုဘဘာဝနာကို ပွားစေအပ်ကုန်၏။ ဒေါသကို ပယ်ခြင်းငှာ မေတ္တာဘာဝနာကို ပွားစေအပ်ကုန်၏။ မိစ္ဆာဝိတ်ကို ပယ်ခြင်းငှာ အာနာပါနဿတိကို ပွားစေအပ်ကုန်၏။ အသ္မိမာနကို ပယ်ခြင်းငှာ အနိစ္စဘာဝနာကို ပွားစေအပ်ကုန်၏။" ဟူသော ဤစကားကို (မေဃိယမထေရ် တပါးတည်းအတွက်) ဟောလည်း ဟောတော်မူ၏။

ရာဟုလသုတ်၌လည်း- "မေတ္တာဘာဝနာကို ပွားစေလော့" ဤသို့ စသောနည်းဖြင့် တစ်ပါးတည်းသာ ဖြစ်သော အရှင်ရာဟုလာအား ကမ္မဋ္ဌာန်း ၇-ပါးတို့ကို ဟောတော်မူ၏။ ထို့ကြောင့် ဆိုခဲ့သမျှသော စကားမျှ၌ မြဲမြံစွာ စွဲလမ်းခြင်းမပြုပဲ အရာခပ်သိမ်း၌ ထိုသို့ဆိုခြင်း၏ ရည်ရွယ်ချက်ကို ရှာဖွေအပ်၏။ ဤဆိုခဲ့ပြီးသည်ကား "**ကမ္မဋ္ဌာန်းကို ယူ၍**"ဟူသော စကား၌ ကမ္မဋ္ဌာန်းနှင့် စပ်သောစကား အဆုံးအဖြတ် ပေတည်း။

ယူ၍-ဟူသည်

ဤဆိုလတ္တံ့သည်ကား "**ယူ၍**" ဟူသောပုဒ်၏ အနက်ကိုပြသော စကားပေတည်း။ "ထိုယောဂီသည် ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းသို့ ချဉ်းကပ်၍" ဟူသော ဤစကား၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် "ချစ်ခင်အပ်သည်၊ လေးစားအပ်သည်" စသည်ဖြင့် ဆိုအပ်ပြီးသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာ အား မိမိကိုယ်ကို အပ်နှင်းကာ ပြည့်စုံကောင်းမြတ်သောအလို, ပြည့်စုံကောင်းမြတ်သော နလုံးသွင်း ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို တောင်းအပ်၏။

မိမိကိုယ်ကို အပ်နှင်းကာ

"မိမိကိုယ်ကို အပ်နှင်းကာ"ဟူသော ထိုစကား၌ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါသည် အရှင်ဘုရား" ဟု ဤသို့ မြတ်စွာဘုရားအား အပ်နှင်းသင့်ပေသည်။

မအပ်နှင်းခြင်း၌ အပြစ်ကား... ဤသို့ မအပ်နှင်းပဲ အစွန်အဖျားကျသော ကျောင်းတို့၌နေသော ယောဂီရဟန်းသည် ကြောက်ဖွယ်အာရုံထင်လာလျှင် နေမြဲပင် ကြံ့ကြံ့တည်စေခြင်းငှာ မစွမ်းနိုင်သဖြင့် ရွာနီးကျောင်းသို့ သွား၍နေကာ လူတို့နှင့်ရောနှောလျက် မအပ်မရာ ပစ္စည်းရှာခြင်းသို့ ရောက်၍ ပျက်စီးလေရာ၏။

အပ်နှင်းခြင်း၌ အကျိုးကား... မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းထားသော ထိုယောဂီရဟန်းအား ကြောက်မက်ဖွယ် အာရုံထင်လာစေကာမူ ကြောက်ခြင်းမဖြစ်ပေါ်ပေ။ "သုခမိန်, သင်သည် ရှေးဦးမဆွကပင်လျှင် မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းထားသည် မဟုတ်ပါလော" ဟု ဆင်ခြင်ကာ ထိုယောဂီအား ဝမ်းမြောက်ခြင်းသည်သာလျှင် ဖြစ်ပေ၏။ ဥပမာ... လူတစ်ယောက်မှာ ကောင်းမြတ်သော ကာသိတိုင်းဖြစ် အဝတ်အထည် ရှိလေရာ၏။ ထိုအဝတ်ကို ကြွက်ဖြစ်စေ, ပိုးဖြစ်စေ ကိုက်လျှင် ထိုသူမှာ စိတ်မချမ်းမသာ ဖြစ်လေရာ၏။ အကယ်၍ ထိုသူသည် ထိုအဝတ်ကို သင်္ကန်းမရှိသော ရဟန်းအား လှူလိုက်လျှင် ထိုရဟန်းသည် ထိုအဝတ်ကို အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်အောင် ပြုလုပ်သည်ကို မြင်ရစေကာမူ ထိုသူအား ရွှင်လန်းဝမ်းမြောက်ခြင်းသာ ဖြစ်ပေရာ၏။ ဤဥပမာအတူပင် မှတ်သားအပ်၏။

ကမ္မဋ္ဌာန်းဆရာအား မိမိကိုယ်ကို အပ်နှင်းသော ယောဂီသည်လည်း "အရှင်ဘုရား... တပည့်တော်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါသည် ဘုရား"ဟု ဆို၍ အပ်နှံရာ၏။ ထိုသို့

မအပ်နှင်းခြင်း၌ အပြစ်ကား... ဤသို့ အပ်နှံမထားသော ယောဂီသည် ဆရာက ကြိမ်းမောင်းနိုင်ခွင့် (ဆုံးမပြုပြင်နိုင်ခွင့်) မရှိသူဖြစ်၏။ ဆရာ၏ ဆုံးမစကားကို မနာယူတတ်၍ ဆိုဆုံးမခက်သူလည်း ဖြစ်၏။ ဆရာကို မပန်ကြားပဲ မိမိအလိုရှိရာ သွားတတ်သူမူလည်း ဖြစ်ရာ၏။ ထိုသို့သော ယောဂီကို ဆရာသည် သင်္ကန်းစသော အာမိသဖြင့်ဖြစ်စေ၊ ဆုံးမသြဝါဒဟူသော ဓမ္မဖြင့်ဖြစ်စေ မချီးမြှောက်။ လျှို့ဝှက်ခက်ခဲ သော ကမ္မဋ္ဌာန်းဆိုင်ရာ စာပေကျမ်းဂန်တို့ကိုလည်း မပို့ချ။ ထိုရဟန်းသည် (အာမိသနှင့် ဓမ္မဟူသော) ဤချီးမြှောက်ခြင်း ၂-မျိုးကို မရသည်ရှိသော် သာသနာ၌ ထောက်တည်ရာ မရနိုင်။ မကြာမီပင် သီလပျက်ခြင်းသို့ဖြစ်စေ၊ လူ့အဖြစ်သို့ဖြစ်စေ ရောက်တတ်၏။

အပ်နှင်းခြင်း၌ အကျိုးကား... ဆရာအား အပ်နှင်းထားသော ယောဂီသည် ဆရာက ဆိုဆုံးမနိုင်ခွင့် ရှိသူလည်းဖြစ်၏။ ဆရာကို မပန်ကြားပဲ သွားလိုရာရာ မသွားတတ်ပေ။ ဆိုဆုံးမလွယ်သည် ဖြစ်၍ ဆရာနှင့်စပ်သော နေထိုင်မှု ရှိသည်သာလျှင် ဖြစ်ပေသည်။ ထိုယောဂီသည် ဆရာထံမှ အဆိုပါ ချီးမြှောက်ခြင်း ၂-မျိုးကို ရသဖြင့် စူဠပိဏ္ဍပါတိကမထေရ်၏ အနီးနေတပည့်တို့ကဲ့သို့ သာသနာတော်၌ ကြီးပွားခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်တတ်ပေသည်။

စူဠပိဏ္ဍပါတိမထေရ်၏ တပည့် ၃-ပါး

ထိုမထေရ်ထံသို့ ရဟန်း၃-ပါး လာကြလေသတတ်။ ထို ၃-ပါးတို့တွင် တစ်ပါးက "အရှင်ဘုရား- တပည့်တော်သည် အရှင်ဘုရားအတွက် ပြုလုပ်ရမည်ဆိုလျှင် အသူတရာနက်သော ချောက်ကမ်းပါး ပြတ်၌ ခုန်ချဝံ့ပါသည် ဘုရား"ဟု လျှောက်၏။ ဒုတိယရဟန်းက "အရှင်ဘုရား... တပည့်တော်သည် အရှင်ဘုရားအတွက် ပြုလုပ်ရမည်ဆိုလျှင် ဤအတ္တဘောကို ဖနောင့်မှစ၍ ကျောက်ပျဉ်၌သွေးလျက် အကြွင်းအကျန် မရှိအောင် ကုန်စေခြင်းငှာ ပြုဝံ့ပါသည်ဘုရား"ဟု လျှောက်၏။ တတိယရဟန်းက

"အရှင်ဘုရား- တပည့်တော် အရှင်ဘုရားအတွက် ပြုလုပ်ရမည်ဆိုလျှင် ထွက်သက် ဝင်သက်တို့ကို ပိတ်၍ သေခြင်းငှာ ပြဲ့ဝံ့ပါသည်ဘုရား"ဟု လျှောက်၏။

မထေရ်သည် "ဤရဟန်း ၃-ပါးတို့သည် စင်စစ်ကေန် ထိုက်တန်သော ပုဂ္ဂိုလ်ပေတကား"ဟု ဆင်ခြင်လျက် ကမ္မဋ္ဌာန်းကို ဟောလေ၏။ ထိုရဟန်း ၃-ပါးတို့သည် မထေရ်၏ ဆုံးမသြဝါဒ၌တည်၍ ၃-ပါးလုံးပင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ဤဆိုခဲ့ပြီးသည်ကား (မြတ်စွာဘုရားနှင့် ဆရာတို့အား) မိမိကိုယ်ကို အပ်နှင်းခြင်း၌ ရနိုင်သော အကျိုးပေတည်း။ ထို့ကြောင့် "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားနှင့် ဆရာသမားအား မိမိကိုယ်ကို အပ်နှင်းကာ" ဟူ၍ ငါဆိုခဲ့ပေသည်။

"ပြည့်စုံကောင်းမြတ်သော အလို, ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းခြင်း- စိတ်ညွတ်ခြင်း ရှိသည် ဖြစ်၍" ဟူသော စကားရပ်၏ အကျယ်ကား=

ထိုယောဂီသည် မလိုချင်ခြင်း မမက်မောခြင်း အစရှိသော ၆-ပါးသော အခြင်းအရာတို့ဖြင့် ပြည့်စုံကောင်းမြတ်သော အလိုရှိသူ ဖြစ်ရာ၏။ အကျိုးကား.... ဤဆိုခဲ့သည့်အတိုင်း ပြည့်စုံကောင်းသော အလိုအဇ္ဈာသယ ရှိသောပုဂ္ဂိုလ်သည် (သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ ဟူသော) ၃-ပါးသော ဗောဓိဉာဏ်(မဂ်ဉာဏ်)တို့တွင် တစ်ပါးပါးသောဉာဏ်သို့ ရောက်၏။

ဟောတော်မူပုံကား-

"၆-ပါးသော အဇ္ဈာသယတို့သည် သစ္စာလေးပါးကို သိမည့် အလောင်းလျာ သတ္တဝါတို့အား ဗောဓိ ဉာဏ် (မဂ်ဉာဏ်)၏ ရင့်ကျက်ရန်အလို့ငှာ ဖြစ်ကုန်၏။ (၁) သစ္စာလေးပါးကိုသိမည့် အလောင်းလျာ သတ္တဝါတို့သည် မလိုချင် မမက်မောသောအားဖြင့် ဖြစ်သော အလိုအဇ္ဈာသယရှိကြ၍ လိုချင်မက်မောခြင်း၌ အပြစ်မြင်လေ့ ရှိကုန်၏။ (၂) အမျက်မထွက်သောအားဖြင့်ဖြစ်သော အလိုအဇ္ဈာသယ ရှိကြ၍ အမျက်ထွက်ခြင်း၌ အပြစ်မြင်လေ့ ရှိကုန်၏။ (၃) မတွေဝေသောအားဖြင့် ဖြစ်သော အလိုအဇ္ဈာသယ ရှိကြ၍ တွေဝေခြင်း၌ အပြစ်မြင်လေ့ ရှိကုန်၏။ (၄) ရဟန်းအဖြစ်၌ ညွတ်ကိုင်းသော အလိုအဇ္ဈာသယ ရှိကြ၍ အိမ်ရာတည်ထောင်ခြင်း၌ အပြစ်မြင်လေ့ ရှိကုန်၏။ (၅) အဖော်ကင်းဆိတ်ခြင်း ဝိဝေက၌ ညွတ်ကိုင်းသော အလိုအဇ္ဈာသယ ရှိကြ၍ ပုဂ္ဂိုလ်အဖေါ်, ကိလေသာအဖေါ်တို့နှင့် ပေါင်းဖက်ဆက်ဆံရခြင်း၌ အပြစ်ကို မြင်လေ့ရှိ၏။ (၆) သံသရာတို့မှ ထွက်မြောက်ခြင်း၌ ညွတ်ကိုင်းသော အလိုအဇ္ဈာသယရှိကြ၍ အလုံးစုံသော ဘဝ, ဂတိတို့၌ အပြစ်မြင်လေ့ ရှိကြ၏" ဟူ၍ ပင်တည်း။

အကြောင်းမှာ-

အခြင်းအရာ ၆-ပါးတို့ဖြင့် ပြည့်စုံကောင်းမြတ်သော အလိုရှိသူဖြစ်သင့်ခြင်း၏ အကြောင်းကား- ဖြစ်ပေါ်ပြီး, ဖြစ်ပေါ်ဆဲ, ဖြစ်ပေါ်လတ့ံ ဖြစ်ကြသော သောတာပန်, သကဒါဂါမ, အနာဂမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဟူသမျှတို့သည် ဤအခြင်းအရာ ၆-ပါးတို့ဖြင့်သာလျှင် မိမိတို့သည် ရောက်သင့်ရောက်ထိုက်သော တရားထူးသို့ ရောက်တော်မူကြလေပြီ။ ထို့ကြောင့် ဤအခြင်းအရာ ၆-ပါးနှင့် ပြည့်စုံကောင်းမြတ်သော အလိုရှိသူ ဖြစ်ရာ၏။

ထို့ပြင် ထိုသမာဓိနှင့် နိဗ္ဗာန်ကို ညွတ်ခြင်းဖြင့် ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းခြင်း- စိတ်ညွတ်ခြင်းရှိသူ ဖြစ်ရာ၏။ သမာဓိညွတ်သူ, သမာဓိကို အလေးပြုသူ, သမာဓိသို့ ကိုင်းရှိုင်းသူ, နိဗ္ဗာန်သို့ ညွတ်သူ, နိဗ္ဗာန်သို့ အလေးပြုသူ, နိဗ္ဗာန်သို့ ကိုင်းညွတ်သူ ဖြစ်ရာ၏- ဟူသော အနက်ကို ဆိုလိုပေသည်။

သင့်တော်ရာကို ဆရာက ကြည့်ပေး

ဤဆိုခဲ့သည့်အတိုင်း ကောင်းမြတ်ပြည့်စုံသောအလို, ကောင်းမြတ်ပြည့်စုံသော နှလုံးသွင်းခြင်း-စိတ်ညွတ်ခြင်း ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းတောင်းလျှင် စေတောပရိယအဘိညာဉ်ကိုရသော ကမ္မဋ္ဌာန်းဆရာသည် ထိုယောဂီ၏ စိတ်ဖြစ်ပုံကိုကြည့်၍ စရိုက်တို့ကို သိအပ်ကုန်၏။ ထိုအဘိညာဉ်မရသော ဆရာသည်ကား "သင့်မှာ မည်သည့်စရိုက် ရှိသနည်း?၊ မည်သည့်တရားတို့သည် သင့်အား အဖြစ်များသနည်း?၊ မည်သည့်တရားကို နှလုံးသွင်းလျှင် သင့်အား စိတ်ချမ်းမြေ့သနည်း?၊ မည်သည့် ကမ္မဋ္ဌာန်း၌ စိတ်ဝင်စားသနည်း?" ဤသို့ စသောနည်းတို့ဖြင့် မေး၍ စရိုက်တို့ကို သိအပ်ကုန်၏။

ဤသို့သိ၍ တပည့်၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ဆရာက ဟောအပ်ပေသည်။

နည်း ၃-နည်း

ကမ္မဋ္ဌာန်းပေးသော အခါ၌လည်း ဆရာသည် ၃-ပါးသော အပြားအားဖြင့် ဟောအပ်၏။ (၁) မူလကပင် သင်ယူဖူး နှလုံးသွင်းဖူးသော ယောဂီအား ၁-ထိုင် ၂-ထိုင်မျှ မိမိမျက်မှောက်၌ ရွတ်ဆိုသရဇ္ဈာယ်စေ၍ ကမ္မဋ္ဌာန်းကို ပေးအပ်၏။ (၂) အနီး၌နေသော ယောဂီအား လာတိုင်းလာတိုင်းသော ခဏ၌ ဟောအပ်၏။ (၃) ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် အခြားအရပ်သို့ သွားလိုသော ယောဂီအား မကျဉ်းလွန်း မကျယ်လွန်းသည်ကို ပြု၍ ဟောအပ်၏။

အခြင်းအရာ ၉-မျိုး

ထိုဟောအပ်သော ကမ္မဋ္ဌာန်းတို့တွင် ရှေးဦးစွာ အစဉ်ကျရောက်သော ပထဝီကသိုဏ်းကို ဟောသောဆရာသည် (၁) ကသိုဏ်း၏ အပြစ်လေးပါး (၂) ကသိုဏ်းလုပ်ပုံ (၃) လုပ်ပြီးသော ကသိုဏ်းကို ပွါးပုံနည်း (၄) ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နိမိတ် ၂-မျိုး (၅) ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိ ၂-မျိုး (၆) သပ္ပါယ ၇-မျိုး, အသပ္ပါယ ၇-မျိုး (၇) အပ္ပနာ၌ လိမ္မာကြောင်း ၁၀-မျိုး (၈) ဝီရိယနှင့် သမာဓိ ညီမျှခြင်း (၉) အပ္ပနာ အစီအရင် ဟူသော အခြင်းအရာ ၉-ပါးတို့ကို ဟောအပ်ကုန်၏။

ပထဝီကသိုဏ်းမှ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌လည်း ထိုထိုကမ္မဋ္ဌာန်းအားလျော်သော အခြင်းအရာကို ဟောအပ်ပေသည်။

သေချာမှတ်ထား

ဤသို့ ကမ္မဋ္ဌာန်းကို ဟောပြစဉ်ကာလ၌ ထိုယောဂီသည် မှတ်မိကြောင်း နိမိတ်ကိုယူ၍ နားထောင်အပ်၏။ **"နိမိတ်ကိုယူ၍"** ဟူသော ဤစကား၌ "ဤသည်ကား အောက်ပုဒ်၊ ဤသည်ကား အထက်ပုဒ်၊ ဤသည်ကား ဤပုဒ်၏ အနက်၊ ဤသည်ကား ဤပုဒ်၏ ဆိုလိုသော အဓိပ္ပါယ်၊ ဤသည်ကား ဥပမာ"ဟူ၍ ဤသို့ ထိုထိုအခြင်းအရာကို စိတ်၌ဖွဲ့ချည်မှတ်သား၍- ဟူသော အနက်ကို ဆိုလိုသည်။

ဤသို့ နိမိတ်ကိုယူ၍ ရိုရိုသေသေ နာယူသော ယောဂီသည် ကမ္မဋ္ဌာန်းကို ကောင်းစွာ ယူအပ်ပြီး ဖြစ်ပေ၏။ ထိုသို့ကောင်းစွာယူသည်ရှိသော် ထိုယောဂီအား ထိုကမ္မဋ္ဌာန်းကို အမှီပြု၍ တရားထူးရခြင်း ပြီးစီးပြည့်စုံတတ်ပေ၏။ ထိုသို့ ကောင်းစွာမယူသော ယောဂီအား တရားထူးရမှု မပြီးစီး မပြည့်စုံတတ်ပေ။

ဤမျှသော စကားအစဉ်ဖြင့် "ကလျာဏမိတ္တ-မိတ်ဆွေကောင်း ဆရာမြတ်ကို ချဉ်းကပ်၍, ကမ္မဋ္ဌာန်း ၄၀-တို့တွင် မိမိ၏စရိုက်အားလျော်သော တစ်ပါးပါးသောကမ္မဋ္ဌာန်းကို ယူ၍" ဟူသော ဤပုဒ်တို့ကို အလုံးစုံသော အခြင်းအရာအားဖြင့် ချဲ၍ပြအပ်ကုန်ပေပြီ။ ဤကား စကားတစ်ရပ်ပြီး၏။

ကမ္မဋ္ဌာန်းယူပုံ အကျယ်ပြဆိုချက် ပြီး၏။

_/_ ☺ _/_ ☺ _/_